# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)



စက်သုံးဆီဈေးနှုန်းများ အီဂျစ်အစိုးရတိုးမြှင့်


စာမျက်နှာ » ၄


နိုင်ငံတကာအဆင့်မီ ကျောက်ကပ်အစားထိုးလုပ်ငန်းကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီ


စာမျက်နှာ » ၁၀


ချင်းပြည်နယ် မြို့ကြီးနစ်မြို့တွင် လာမည့်ဘဏ္ဍာနှစ်အတွင်း စက်မှုဇုန်တည်ဆောက်မည်




စာမျက်နှာ » ၁၅


# အဏုမြူနည်းပညာမှတစ်ဆင့် လူသားကောင်းကျိုးဖော်ဆောင်နိုင်မှု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် IAEA ညွှန်ကြားရေးမှူးချုပ်တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency- IAEA) ညွှန်ကြားရေးမှူးချုပ် Mr. Yukiya Amano အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် IAEA မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ အဏုမြူနည်းပညာကို ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ရေအရင်းအမြစ်ကဏ္ဍတို့တွင် အသုံးချခြင်းမှတစ်ဆင့် လူသားကောင်းကျိုးကို ဖော်ဆောင်နိုင်မှု၊ မြန်မာနိုင်ငံနှင့် IAEA တို့အကြား ပူးပေါင်းဆောင်ရွက်မှုတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



# မသန်သော်လည်း စွမ်းဆောင်နိုင်သူအဖြစ် ပြသနိုင်ခဲ့သော သဖန်းဆိပ်ကျေးရွာမှ မထူးထူးမွန်အား ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်

## ပြည်သူသို့ကျေးဇူးတင်လွှာ ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၉**

*နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူနိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူများကို ရွေးချယ်၍ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုများဖြင့် မွေးဖွားကြီးပြင်းလာသော်လည်း မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားအားထုတ်ကာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့သူ မထူးထူးမွန်ကို ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ ဇွန် ၂၉ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။*

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ ကျေးဇူးတင်လွှာ**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

၁။ နိုင်ငံတော်တည်ဆောက်ကြရာတွင် ကုန်ခမ်းနိုင်သော သဘာဝသယံဇာတအရင်းအမြစ်ထက် ရေရှည်တည်တံ့ရှင်သန်နိုင်သော လူ့စွမ်းအားအရင်းအမြစ်ကသာ အဓိကကျပါသည်။အထူးသဖြင့် လူငယ်လူရွယ်တို့သည် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့်သူများဖြစ်ရာ ယနေ့လူငယ်များသည် အထူးပင်အရေးကြီးလှသော အခန်းကဏ္ဍ၌ တည်ရှိနေပါသည်။ (၂၁)ရာစု ကမ္ဘာကြီးကို ရင်ဆိုင်ရမည့်လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံကုံလုံရန်သာမက ခိုင်မာသောစိတ်ဓာတ်၊ ကောင်းမွန်သော စာရိတ္တ၊ ပြင်းပြသော ဝီရိယတို့ဖြင့် ပြည့်ဝနေရန် အရေးကြီးလှပါသည်။ ခက်ခဲကြမ်းတမ်းသော ဘဝကို ရန်လိုစိတ်ပျက်ခြင်း အလျဉ်းမရှိဘဲ ကြိုးပမ်းအားထုတ်ခဲ့သော မထူးထူးမွန်သည် ယနေ့ခေတ်လူငယ်များအတွက် အတုယူဖွယ်ရာ ကြိုးစားအားထုတ်မှု သင်္ကေတတစ်ရပ် ဖြစ်လာခဲ့ပါပြီ။

၂။ မထူးထူးမွန်အား စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာတွင် အဖ ဦးမြင့်ငွေ (တောင်သူ/ကွယ်လွန်)နှင့် အမိ ဒေါ်စက်ငွေ(တောင်သူ) တို့မှ ၂၇-၁၀-၁၉၉၈ ရက်နေ့တွင် ကိုယ်အင်္ဂါချို့ယွင်းမှုများစွာဖြင့် မွေးဖွားခဲ့သည်။ မွေးချင်းမောင်နှမသုံးဦးရှိပြီး အငယ်ဆုံးသမီးဖြစ်သော မထူးထူးမွန်သည် မွေးဖွားစဉ်ကတည်းက ညာဘက်လက်တွင် လက်ချောင်းများ မပါရှိခဲ့ပါ။ ဝဲဘက်လက်သည်လည်း တံတောင်ဆစ်အထိသာရှိပြီး ခြေထောက်နှစ်ဖက်မှာလည်း ဒူးဆစ်အထိသာ ပါရှိလာခဲ့သူဖြစ်ပါသည်။

၃။ မိသားစုစားဝတ်နေရေး အဆင်မပြေသော်လည်း မိဘများ၏ အားပေးမှု၊ မထူးထူးမွန်၏ ကြိုးစားအားထုတ်မှုတို့ကြောင့် သဖန်းဆိပ်ရွာအလယ်တန်းကျောင်းတွင်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪





❂ ရှေ့ဖုံးမှ

သတ္တမတန်းထိ တစ်နှစ်တစ်တန်း မှန်မှန်အောင်မြင်ခဲ့ပါသည်။ သို့သော်လည်း မိသားစုစီးပွားရေးအခြေအနေအရ ကျောင်းဆက်တက်ရန် မဖြစ်နိုင်တော့သည့် အခြေအနေနှင့် ကြုံတွေ့ခဲ့ရပါသည်။ယင်းအခြေအနေကို လူမှုကွန်ရက်စာမျက်နှာတွင် တွေ့ရှိသော အလှူရှင်တစ်ဦး၏ ပညာဒါနဖြင့် အဋ္ဌမတန်းနှင့် နဝမတန်းတို့ကို အောင်မြင်ခဲ့ပြီး ဒသမတန်းပညာကို ဆက်လက်သင်ယူခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဒသမတန်းကို ပထမဆုံးအကြိမ် ဖြေဆိုခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ သို့ရာတွင် မထူးထူးမွန်၏ ဇွဲ၊ လုံ့လ၊ ဝီရိယကြိုးစားအားထုတ်မှု၊ အလှူရှင်၏ ပံ့ပိုးမှု၊ မိခင်ဖြစ်သူ၏ အားပေးစောင့်ရှောက်မှုတို့ဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကလေးမြို့ စာစစ်ဌာနတွင် ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့ပါသည်။

၄။ အကြောင်းအမျိုးမျိုးသော မတူကွဲပြားမှုများ၊ ခက်ခဲသော ဘဝပေးအနေအထားများအပေါ် အခြေခံ၍ အလိုမပြည့်မှုနှင့် ဘဝကိုမကျေနပ်စိတ်များကြောင့် ခိုက်ရန်ဒေါသပွားများလျက်ရှိသော မျက်မှောက်ကမ္ဘာကြီးတွင် စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်သည့် မိမိကိုယ်မိမိယုံကြည်စိတ်၊ မလျှော့သောလုံ့လတို့ဖြင့် ကြိုးပမ်းအားထုတ်ခဲ့သူ မထူးထူးမွန်သည် မျိုးဆက်သစ်တို့အတုယူဖွယ်ရာ စိတ်ဓာတ်နှင့်သန္နိဋ္ဌာန်ကို အထင်အရှားပြသနိုင်ခဲ့ပါသဖြင့် ၂၀၁၇ ခုနှစ် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ်ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၅။ မတူကွဲပြားသော်လည်း အများနှင့်ရင်ပေါင်တန်းနိုင်သူ၊ မသန်သော်လည်း စွမ်းဆောင်နိုင်သူအဖြစ် ဘဝကို ရဲရင့်စွာစိန်ခေါ်ကာ သာဓကပြသနိုင်ခဲ့သော မထူးထူးမွန်ကဲ့သို့ပင် ခြားနားမှုများကို ကျော်လွှားနိုင်သော၊ ကွဲပြားမှုများကို ပပျောက်စေနိုင်သော၊ ကမ္ဘာလောကကြီးနှင့် လူ့အဖွဲ့အစည်းကို အကျိုးပြုနိုင်သော ကမ္ဘာ့မိသားစုဝင် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်နိုင်ကြပါစေရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမှာစကား ပြောကြားစဉ်။**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ခေတ်စနစ်နှင့်လျော်ညီစေရန် မကြာမီအသစ်ပြဋ္ဌာန်းနိုင်တော့မည်

**နေပြည်တော် ဇွန် ၂၉**

စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ထောက်ပံ့ရေးစည်းမျဉ်းနှင့် ဂေဟာ၊ သင်တန်းကျောင်းများတွင် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများ ပြင်ဆင်ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပရဟိတလုပ်ငန်းများကို စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်မှုပုံစံမှာလည်း အမျိုးမျိုးရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အချို့ဂေဟာများသည် အစိုးရအသိအမှတ်ပြုဖြစ်ပြီး ၃၄၅ ခု ရှိကြောင်း၊ အစိုးရအသိအမှတ်မပြုရသေးသော ပရဟိတဂေဟာ ၄၀၆ ခု ခန့်ရှိကြောင်း၊ အစိုးရအနေဖြင့် အသိအမှတ်ပြုပြီး ဂေဟာများကို နှစ်စဉ်ထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိရာ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော် သုံးစွဲလျက်ရှိပါကြောင်း၊ ပရဟိတဂေဟာများသည် မိဘမဲ့ကလေးများသာမက ချို့တဲ့သော မိဘရှိကလေးများကိုလည်း လက်ခံဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ကလေး၏ သဘာဝမှာ မိသားစုဖြင့်နေထိုင်ခြင်းဖြင့်သာ ဖွံ့ဖြိုးတိုးတက်မှု အမှန်ရရှိနိုင်သဖြင့် မိသားစုကို ပံ့ပိုးထောက်ပံ့ခြင်းပြုလုပ်သော နည်းသည် ပိုမိုသင့်မြတ်သော စောင့်ရှောက်မှုနည်းလမ်းဖြစ်ပါကြောင်း၊ ဂေဟာများတွင် စောင့်ရှောက်မှု ခံယူရပါက ၎င်းတို့၏ အခွင့်အရေးအပြည့်အဝရရှိရန် လိုအပ်ပါကြောင်း၊ စွန့်ပစ်မွေးကင်းစ ကလေးများကို စောင့်ရှောက်မှုပေးရာတွင် စောင့်ရှောက်ခြင်း အရည်အသွေးမှာ အရေးကြီးပါကြောင်း၊ ကလေးသူငယ်များ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် ခန္ဓာကိုယ်ကြံ့ခိုင်မှုရရှိရေးကို မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ကလေးသူငယ်အခွင့်အရေး (၄)ရပ်ဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အစောင့်အရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ခွင့် စသည်တို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖော်ဆောင်လျက်ရှိပါကြောင်း၊ ခေတ်စနစ်နှင့် လျော်ညီစေရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကိုလည်း မကြာမီ အသစ်ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ပါကြောင်း၊ သင်တန်းကျောင်း၊ ဂေဟာများတွင် လက်ခံစောင့်ရှောက်ထားသည့် ကလေးသူငယ်များအပေါ် စနစ်တကျပြုစုစောင့်ရှောက်နိုင်ရေး အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်နိုင်ရေးကို အစိုးရက ဦးဆောင်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ UNICEF Myanmar မှ Mr. Aron Greenberg က အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဌာနငယ်၊ သင်တန်းကျောင်းများမှ တာဝန်ခံများ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျပ် ၅၀၀ တန် ထီဖွင့်ပွဲ ဇူလိုင် ၁ ရက်တွင်ကျင်းပမည်

**နေပြည်တော် ဇွန် ၂၉**

(၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆု ဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလ လမ်းနှင့် (၃၇) လမ်းထောင့် ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဇူလိုင် ၁ ရက် နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

(၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲကို ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားပါရှိသည့် ထီလက်မှတ် ("က"အက္ခရာမှ အစဉ်လိုက် "ဖ" အက္ခရာထိ) ၂၂ လုံး၊ အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားမပါရှိသည့် အရန်ထီလက်မှတ် ("ကက"အက္ခရာမှ အစဉ်လိုက်"ကဖ"အက္ခရာထိ) ၂၂ လုံး စုစုပေါင်း အက္ခရာ ၄၄ လုံး၊ ထီစာအုပ် ၃၅၉၉၉၉၂ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်ရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရသဖြင့် ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းဖြစ်သည့် ကျပ် ၁၀၇၉၉၉၇၆၀၀၀ ကို ဆုမဲအဖြစ်ခွဲဝေပေးမည်ဖြစ်သည်။ ဆုကြီးတစ်ဆုချင်း စနစ်အရ ကျပ်သိန်း ၁၀၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀၀ နှစ်ဆု၊ ကျပ်သိန်း ၃၀၀၀ သုံးဆု၊ ကျပ်သိန်း ၁၀၀၀ ခြောက်ဆု၊ ကျပ်သိန်း ၅၀၀ ရှစ်ဆု၊ ကျပ်သိန်း ၃၀၀ ကိုးဆု၊ ကျပ်သိန်း ၁၀၀ ကိုးဆု၊ ကျပ်သိန်း ၅၀ ၁၂ဆု၊ ကျပ်သိန်း ၃၀ ၁၂ ဆုနှင့် ကျပ် ၁၀ သိန်း ၁၃ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်မှ အက္ခရာနှင့် ရှေ့ဂဏန်း ငါးလုံးတူ ၁၀ ယူနစ်အတွက် ကျပ် သုံးသိန်း ၁၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း လေးလုံးတူ ၁၀ ယူနစ်အတွက် ကျပ် ၂ သိန်း ၁၀၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း သုံးလုံးတူ ၁၂ ယူနစ်အတွက် ကျပ်တစ်သိန်း ၁၂၀၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း နှစ်လုံးတူ ၇ ယူနစ်အတွက် ကျပ် ၅ သောင်း ၁၀၀၀၀၀ဆု အပါအဝင် ဆုမဲပေါင်း ၁၁၃၁၇၅ ဆုဖြစ်သည်။

ယခု (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇူလိုင် ၁၁ ရက်မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲရုံးများတွင် လျှောက်ထားတင်ပြထုတ်ယူနိုင်ကြောင်း၊ ကျပ် ၁၀ သိန်းနှင့်အောက်ဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းဒေသကြီးပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ချီးကျူးဂုဏ်ပြုထိုက်သူ မထူးထူးမွန်



၁။ မထူးထူးမွန်သည် ညာဘက်လက်တွင် လက်ချောင်းများမပါရှိခြင်း၊ ဝဲဘက်လက်သည် တံတောင်ဆစ်အထိသာ ပါရှိခြင်း၊ ခြေထောက်နှစ်ဖက်သည် ဒူးခေါင်းအထိသာ ပါရှိခြင်းစသည့် မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုများဖြင့် မွေးဖွားကြီးပြင်းလာသူဖြစ်သော်လည်း မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ ကြိုးစားအားထုတ်မှုတို့ဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သူ လူငယ်တစ်ဦး ဖြစ်ပါသည်။

၂။ မထူးထူးမွန်အား စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာတွင် အဖ ဦးမြင့်ငွေ(တောင်သူ/ကွယ်လွန်)နှင့် အမိ ဒေါ်စက်ငွေ(တောင်သူ) တို့မှ ၂၇-၁၀-၁၉၉၈ ရက်နေ့တွင် ကိုယ်အင်္ဂါချို့ယွင်းမှုများစွာဖြင့် မွေးဖွားခဲ့ပါသည်။ မွေးကတည်းက ညာဘက်လက်တွင် လက်ချောင်းများ မပါရှိပါ။ ဝဲဘက်လက်သည်လည်း တံတောင်ဆစ်အထိသာရှိပြီး ခြေထောက်နှစ်ဖက်မှာလည်း ဒူးဆစ်အထိသာ ပါရှိလာသူဖြစ်ပါသည်။ မွေးချင်း မောင်နှမသုံးဦးရှိပြီး မထူးထူးမွန်မှာ အငယ်ဆုံးသမီး ဖြစ်ပါသည်။

၃။ မိသားစုစားဝတ်နေရေး အဆင်မပြေသော်လည်း မိဘဖြစ်သူများက ကြိုးစားရုန်းကန်၍ ကျောင်းထားပေးခဲ့ပြီး မထူးထူးမွန်ကိုယ်တိုင်ကလည်း ကြိုးစားခဲ့သောကြောင့် သဖန်းဆိပ်ရွာ အလယ်တန်းကျောင်းတွင် သတ္တမတန်းထိ တစ်နှစ်တစ်တန်း မှန်မှန်အောင်မြင်ခဲ့ပါသည်။ သတ္တမတန်း အောင်မြင်ပြီးနောက် မိသားစုစီးပွားရေးအခြေအနေအရ ကျောင်းဆက်တက်ရန် မဖြစ်နိုင်တော့သည့် အခြေအနေကြုံတွေ့ခဲ့ရပါသည်။ ယင်းအခြေအနေကို ဆရာမတစ်ဦးက လူမှုကွန်ရက်စာမျက်နှာတွင် စေတနာရှင်ရှိပါက ကျောင်းဆက်တက်ချင်ကြောင်း ဖော်ပြခဲ့ပါသည်။ ယင်းဖော်ပြချက်ကို ဦးခင်မောင်ဆွေ(ခေတ္တ-စင်ကာပူ)က တွေ့ရှိရာမှ ယင်း၏ ငွေကြေးထောက်ပံ့ ပညာဒါနပြုမှုဖြင့် ရွာတီရွာ အလယ်တန်းကျောင်းမှ အဋ္ဌမတန်းကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျွန်းလှမြို့ အထက်တန်းကျောင်းမှ နဝမတန်းကိုလည်းကောင်း အောင်မြင်ခဲ့ပါသည်။ ထိုအချိန်တွင် ဦးခင်မောင်ဆွေမှာ စင်ကာပူမှ ပြန်လည်ရောက်ရှိခဲ့ကာ ကလေးမြို့၌ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းဖွင့်လှစ်ပြီး မထူးထူးမွန်နှင့် မိခင်ဖြစ်သူတို့အား ထိုသင်တန်းကျောင်းတွင် နေထိုင်စေကာ ဒသမတန်း ပညာကို ဆက်လက်သင်ယူစေခဲ့ပါသည်။၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဒသမတန်းကို ပထမဆုံးအကြိမ် ဖြေဆိုခဲ့သော်လည်း ကျရှုံးခဲ့ပါသည်။

၄။ သို့ရာတွင် မထူးထူးမွန်၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးစားအားထုတ်မှု၊ ဦးခင်မောင်ဆွေ၏ ပံ့ပိုးမှု၊ မိခင်ဖြစ်သူ၏ စောင့်ရှောက်မှုတို့ဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကလေးမြို့ စာစစ်ဌာနတွင် ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့ပါသည်။

## မထူးထူးမွန်၏ ကိုယ်ရေးအကျဉ်း

ကျွန်မ၏အမည်မှာ မထူးထူးမွန်ဖြစ်ပါသည်။ ကျွန်မကို စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ရွာတွင် အဖ ဦးမြင့်ငွေ(ကွယ်လွန်)နှင့် အမိ ဒေါ်စက်ငွေတို့မှ ၂၇-၁၀-၁၉၉၈ ရက်နေ့တွင် ဖွားမြင်ခဲ့ပါသည်။မွေးချင်းသုံးဦးအနက် အငယ်ဆုံးဖြစ်ပြီး ကျွန်မတွင် မွေးရာပါ ကိုယ်လက်အင်္ဂါများ ချို့ယွင်းခဲ့ပါသည်။ကျွန်မ၏ညာဘက်လက်တွင် လက်ချောင်းများ မပါရှိခဲ့ပါ။ ထို့ပြင် ဝဲဘက်လက်တွင်လည်း တံတောင်ဆစ်အထိသာ ပါရှိခဲ့ပါသည်။ ခြေထောက်နှစ်ဖက်မှာလည်း ဒူးခေါင်းအထိသာ ပါရှိခဲ့ပါသည်။

ကျွန်မသည် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သောအခါ ဝမ်းသာဝမ်းနည်းဖြစ်မိပါသည်။ ကျွန်မတက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်၍ ဝမ်းသာသည်မှာ မှန်သော်လည်း ကျွန်မ တက္ကသိုလ် ဆက်တက်နိုင်ရေးအတွက် အဆင်မပြေဖြစ်မည်ကို စိုးရိမ်ပူပန်ကာ ဝမ်းနည်းမိပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာ ဦးခင်မောင်ဆွေမှ ဒသမတန်း အောင်မြင်သည်အထိသာ တာဝန်ယူပေးမည်ဟု ပြောထားရာ တက္ကသိုလ်ဆက်လက်သင်ကြားနိုင်ရေး အကူအညီ လိုအပ်နေပါသေးသည်။

ယခုလက်ရှိ၌ ဦးခင်မောင်ဆွေနှင့်အတူ ပညာတံခွန်-၁ (ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်း)၊ ၁၀၉/၅၊ ပင်လုံရပ်ကွက် ကလေးမြို့ စစ်ကိုင်းတိုင်းဒေသကြီးတွင် နေထိုင်လျက်ရှိပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၈၉၁၂၄၂၄၀၊ ၀၉-၂၅၈၁၅၄၆၅၇၊ ၀၉-၃၆၈၄၉၉၀၄**

# ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ တိုးတက်ရေး အမြဲထာဝရ ထောက်ခံအားပေးမည်ဟု သမ္မတရှီပြော

**ဟောင်ကောင် ဇွန် ၂၉**

တရုတ်နိုင်ငံ၏ ဗဟိုအစိုးရအဖွဲ့သည် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသာယာရေးတို့အတွက် အမြဲထာဝရအားပေးထောက်ခံနေမည်သာဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ဟောင်ကောင်သို့ ရောက်ရှိစဉ် ဇွန် ၂၉ ရက်က သန္နိဋ္ဌာန်ပြု ပြောကြားလိုက်သည်။

သမ္မတရှီသည် သုံးရက်ကြာခရီးစဉ်အဖြစ် ဟောင်ကောင်နိုင်ငံတကာလေဆိပ်သို့ ဆိုက်ရောက်လာစဉ် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဟောင်ကောင်ကျွန်းအား တရုတ်ပြည်မကြီးသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှု နှစ် ၂၀ မြောက် နှစ်ပတ်လည်အောင်ပွဲသဘင်အခမ်းအနားများသို့ တက်ရောက်ရန်လည်းကောင်း၊ ဟောင်ကောင်၏ ပဉ္စမမြောက် သက်တမ်းအတွက် အစိုးရအဖွဲ့စတင်တာဝန်ယူမှု အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန်လည်းကောင်း ဟောင်ကောင်သို့ တရုတ်ခေါင်းဆောင်ရောက်ရှိလာခြင်း ဖြစ်သည်။

ဟောင်ကောင်ပြည်သူတို့အတွက် ဆုမွန်ကောင်းများခြွေလိုပြီး ဗဟိုအစိုးရအဖွဲ့က ဟောင်ကောင်ဒေသအား ထောက်ခံအားပေးမှုကို မိမိဖော်ထုတ်ပြသလိုကြောင်း၊ ဟောင်ကောင်ပြည်သူများ၏ အနာဂတ်ဘဝ သာယာစိုပြည်ရေးအတွက် ဗဟိုအစိုးရအဖွဲ့က ကူညီသွားမည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

အထူးအုပ်ချုပ်ခွင့်ရဒေသ ပေါ်ထွန်းလာခဲ့ပြီးနောက် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကြာ ကာလပတ်လုံးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းအတွက် မိမိဂုဏ်ယူဝမ်းမြောက်မိကြောင်း ရှီက ဆက်လက်ပြောကြားသည်။

ဟောင်ကောင်၏ ထူးခြားသော နှစ် ၂၀ ကြာ ခရီးလမ်းကို ပြန်လည်သုံးသပ်နိုင်ရန် ဟောင်ကောင်ရှိ အလွှာအသီးသီးမှ ပြည်သူများနှင့် ထိတွေ့ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဟောင်ကောင်၏ အတွေ့အကြုံကိုအခြေခံကာ အနာဂတ်အစီအစဉ်ရေးဆွဲပြီး "တစ်နိုင်ငံ၊ စနစ်နှစ်ခု" မူဝါဒကို ကာလရှည်အောင်မြင်စွာ ကျင့်သုံးနိုင်ရန် ဦးတည်ဆောင်ရွက်မည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

**ဆင်ဟွာ။**





# နျူလက်နက်ထုတ်လုပ်ရာတွင် အသုံးပြုသည့်ကုန်ကြမ်းများ ထိန်းချုပ်ရန် ကုလလက်နက်ဖျက်သိမ်းရေးဌာနအကြီးအကဲ တိုက်တွန်း

**ကုလသမဂ္ဂ ဇွန် ၂၉**

ကုလသမဂ္ဂအဖွဲ့၏ လက်နက်ဖျက်သိမ်းရေးဌာန အကြီးအကဲက နျူကလီးယားလက်နက်နှင့် အခြားသောလက်နက်များကို ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများတင်ပို့မှုနှင့်ပတ်သက်ပြီး ထိန်းချုပ်ကန့်သတ်မှုများပြုလုပ်ရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂလက်နက်ဖျက်သိမ်းရေးကိစ္စရပ်များဆိုင်ရာ အထူးကိုယ်စားလှယ် အီဇူမီ နာကာမတ်ဇုက ဇွန် ၂၈ ရက်က ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းပြောကြားခဲ့သည်။

နျူကလီးယားလက်နက်များထုတ်လုပ်ရာတွင် အသုံးပြုသည့် နည်းပညာများနှင့် ကုန်ကြမ်းများကို တရားဝင်ထုတ်လုပ်ရောင်းချသော နိုင်ငံများရှိကြောင်းနှင့် ၎င်းတို့၏ ရောင်းဝယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့တားဆီးမည်ဖြစ်ကြောင်း အီဇူမီ နာကာမတ်ဇုက ပြောကြားခဲ့သည်။

အကြမ်းဖက်လုပ်ရပ်များကို တားဆီးကာကွယ်နိုင်ရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများနှင့် ဆွေးနွေးပွဲများကျင်းပရန် လိုအပ်ကြောင်း အီဇူမီ နာကာမတ်ဇုက ဆက်လက်ပြောကြားခဲ့သည်။

ဇွန် ၂၈ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးပွဲသို့ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဖွဲ့ဝင်အများစုက ဆီးရီးယားနိုင်ငံတွင် ဓာတုလက်နက်များ အသုံးပြုလျက်ရှိသည်ဟု ထောက်ပြပြောကြားကြသည်။ အမေရိကန်နှင့် ဥရောပနိုင်ငံများက မြောက်ကိုရီးယားနိုင်ငံ၏ နျူဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများနှင့်ပတ်သက်ပြီး ၎င်းတို့၏စိုးရိမ်မှုများကို ပြောကြားခဲ့ကြသည်။

ကုလသမဂ္ဂအဖွဲ့ဆိုင်ရာ မြောက်ကိုရီးယားဒုတိယသံအမတ်ကြီး ကင်အင်ရောင်းက ပြုံယမ်းအနေဖြင့် နျူကလီးယားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်သည် မြောက်ကိုရီးယားနိုင်ငံ၏ မိမိကိုယ်ကိုကာကွယ်ရေးအတွက်သာ ရည်ရွယ်ပါကြောင်း ပြောကြားခဲ့သည်။

ပြုံယမ်းနျူကလီးယားအရေးနှင့်ပတ်သက်ပြီး ဆွေးနွေးပွဲများကျင်းပရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းပြောကြားခြင်းသည် အချည်းအနှီးသာဖြစ်ပါကြောင်း မြောက်ကိုရီးယား ဒုတိယ သံအမတ်ကြီး ကင်အင်ရောင်းက အမေရိကန်၏ ပြောကြားချက်ကို ပြန်လည်ချေပပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# အကြီးမားဆုံး ရေကြောင်းစစ်ရေးလေ့ကျင့်မှု အမေရိကန်နှင့် ဩစတြေးလျတို့ ပူးပေါင်းပြုလုပ်

**ဆစ်ဒနီ ဇွန် ၂၉**

အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့၏အကြီးကျယ်ဆုံး ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဇွန် ၂၉ ရက်တွင် စတင်ပြုလုပ်သည်။ နှစ်နိုင်ငံရေကြောင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့၏ မဟာမိတ်နိုင်ငံများကိုရော တရုတ်နိုင်ငံအပါအဝင် ရန်ဘက်ဖြစ်လာဖွယ်ရှိသည့်နိုင်ငံများကိုပါ ရေတပ်အင်အားကြီးမားပုံကို ထုတ်ဖော်ပြသနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့မှ တပ်ဖွဲ့ဝင်ဦးရေ ၃၃၀၀၀ တို့က တိုက်ခိုက်ရေးစစ်ရေယာဉ်များပေါ်မှ လိုက်ပါကာလေ့ကျင့်ကြမည်ဖြစ်ကြောင်း၊ တိုက်ခိုက်ရေးဂျက်လေယာဉ်များလည်း စစ်ရေးလေ့ကျင့်မှု၌ ပါဝင်ကြောင်း၊ ပိုင်နက်နယ်မြေအငြင်းပွားမှုများဖြစ်ပေါ်နေသည့် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံက စစ်ရေးအရလွှမ်းမိုးရန် ဦးတည်သော လှုပ်ရှားမှုများကြောင့် တင်းမာမှုဖြစ်ပေါ်နေချိန်တွင် ပူးတွဲစစ်ရေးလေ့ကျင့်ကြခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။



နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုအပေါ် တရုတ်နိုင်ငံက မည်ကဲ့သို့ ရှုမြင်နိုင်ပါသနည်းဟု သတင်းထောက်က မေးမြန်းရာ အမေရိကန်ပစိဖိတ်ရေတပ်ဌာနချုပ် တပ်မှူးဗိုလ်ချုပ်ကြီး ဟယ်ရီဟဲရစ်က စစ်ရေးလေ့ကျင့်မှုအတွက် ဖြန့်ကြက်မှုအတိုင်းအတာကို ကြည့်ရုံမျှဖြင့် သဘောပေါက်နိုင်သည်ဟု ဆိုသည်။

ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံက လွှမ်းမိုးရန် ကြိုးပမ်းလာမှု၊ တောင်တရုတ်ပင်လယ်တွင် ကျွန်းတုများတည်ဆောက်မှုတို့ကို တန်ပြန်နိုင်ရန် လွန်ခဲ့သည့်လများအတွင်း အမေရိကန်က ဦးတည်လာရာ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးဆိုးရွားလာခဲ့သည်။

သဘာဝသယံဇာတအရင်းအမြစ်များ ကြွယ်ဝသည့် တောင်တရုတ်ပင်လယ်၏ နယ်မြေအများစုကို ၎င်းပိုင်ဆိုင်သည်ဟု တရုတ်နိုင်ငံက ကြေညာခဲ့သည်။ ယင်းဒေသမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးထရီလီယံတန်ဖိုးရှိ ကုန်စည်များကို တင်ဆောင်ထားသည့် ကုန်သွယ်ရေကြောင်းသင်္ဘောများ သွားလာရာ ရေလမ်းကြောင်းဖြစ်သည်။ ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)တို့ကလည်း အဆိုပါရေလမ်းကြောင်းကို ၎င်းတို့ပိုင်ဆိုင်ကြောင်း အပြိုင်ကြေညာထားကြသည်။

**ရိုက်တာ။**

# စက်သုံးဆီဈေးနှုန်းများ အီဂျစ်အစိုးရ တိုးမြှင့်

**ကိုင်ရို ဇွန် ၂၉**

အီဂျစ်အစိုးရအဖွဲ့သည် စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်အရ စက်သုံးဆီဈေးနှုန်းများကို တိုးမြှင့်လိုက်ကြောင်း ဇွန် ၂၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဓာတ်ဆီဈေးနှုန်းများ မြင့်တက်မှုသည် ၄၂ ဒသမ ၈ ရာခိုင်နှုန်းမှ ၅၅ ဒသမ ၃ ရာခိုင်နှုန်းအထိ ဈေးနှုန်းအမျိုးမျိုးရှိပြီး နေအိမ်များနှင့် စားသောက်ဆိုင်များ၌ အသုံးပြုသော ဓာတ်ငွေ့ဈေးနှုန်းကိုလည်း နှစ်ဆတိုးမြှင့်ခဲ့ကြောင်း ဝန်ကြီးအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

စက်သုံးဆီဈေးနှုန်းတိုးမြှင့်မှုသည် ဇွန် ၂၉ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်သည်ဆို၏။ စီးပွားရေးပြုပြင်ပြောင်းလဲရေးအစီအစဉ်နှင့်အညီ စက်သုံးဆီဈေးနှုန်းများကို တိုးမြှင့်ခြင်းဖြစ်ကြောင်း အီဂျစ်ဝန်ကြီးချုပ် ရှရစ်အစ္စမေးလ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလကလည်း စက်သုံးဆီဈေးနှုန်းများကို တိုးမြှင့်ခဲ့ပြီး တစ်နှစ်မပြည့်မီမှာပင် ဒုတိယအကြိမ် အလားတူဈေးနှုန်းတိုးမြှင့်ခြင်းဖြစ်သည်။

စက်သုံးဆီဈေးနှုန်းကြီးမြင့်လာမှုကြောင့် ကုန်ဈေးနှုန်းတက်နိုင်မှုအတွက် ပြည်သူများ စိုးရိမ်စိတ်ဖြစ်ကြရကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**



# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များကို မြေပြင်အခြေအနေနှင့်အညီ အထိရောက်ဆုံးအကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှ‌ဌေးဝင်းက **ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ရခိုင်ပြည်နယ်အတွင်း စုံစမ်းစစ်ဆေးနိုင်ရန် အချက်အလက် ရှာဖွေဖော်ထုတ်ရေးအဖွဲ့ (Fact Finding Mission)ကိုဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံသို့စေလွှတ်ရန် ဆုံးဖြတ်ချက်အပေါ် ပြည်ထောင်စုအစိုးရအနေဖြင့် ထိရောက်လုံလောက်သောတားဆီးကန့်ကွက်မှုပြုလုပ်ရန် မည်သို့စီစဉ်ထားသည်ကို သိရှိလိုကြောင်း** မေးမြန်းရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဒုတိယဝန်ကြီး ဦးကျော်တင်က ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၃၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဥရောပသမဂ္ဂက အဓိကအဆိုရှင်အဖြစ်တင်သွင်းခဲ့သည့် မြန်မာနိုင်ငံ၏လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်ကို ၂၀၁၇ ခုနှစ် မတ် ၂၄ ရက်တွင် မဲမခွဲဘဲ အတည်ပြုချမှတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံမဟုတ်သဖြင့် မဲခွဲဆုံးဖြတ်ရန် တောင်းဆိုပိုင်ခွင့်မရှိပါကြောင်း၊ သို့သော် အဆိုပါဆုံးဖြတ်ချက်တွင် မိမိတို့လက်မခံနိုင်သည့် Fact Finding Mission စေလွှတ်ရေးကိစ္စကို ထည့်သွင်းထားသည့်အတွက် ယင်းဆုံးဖြတ်ချက်အား ချမှတ်သည့် လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က အဆိုပါ ဆုံးဖြတ်ချက်တစ်ခုလုံးအား သဘောတူလက်ခံခြင်း မရှိကြောင်း (Dissociate) ပြုလုပ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနည်းတူ အိန္ဒိယ၊ တရုတ်စသည့် ကောင်စီဝင်နိုင်ငံအချို့ကလည်း သဘောတူလက်ခံခြင်းမရှိကြောင်း ပြောကြားခဲ့ကြပါကြောင်း။

နိုင်ငံတကာ အချက်အလက်ရှာဖွေဖော်ထုတ်ရေးမစ်ရှင် (Fact Finding Mission) ဖွဲ့စည်းခြင်းသည် ပြဿနာဖြေရှင်းရေးအတွက် အထောက်အကူဖြစ်မည်မဟုတ်သည့်အပြင် အသိုင်းအဝိုင်းနှစ်ရပ်အကြား တင်းမာမှုပြဿနာရပ်ကို ပိုမိုကြီးထွားလာစေမည်ဖြစ်ခြင်း၊ လက်ရှိပကတိအခြေအနေများနှင့် ကိုက်ညီမှုမရှိခြင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် အေးချမ်းတည်ငြိမ်ရေးနှင့် ရေရှည်တည်တံ့သော ဖြေရှင်းချက်များ ရရှိရေးအတွက် အလေးထားကြိုးပမ်းဖြေရှင်းနေခြင်း၊ ဒုတိယသမ္မတ ဦးဆောင်သော လွတ်လပ်သောကော်မရှင်တစ်ခုဖွဲ့စည်းပြီး ကြိုးပမ်းဖြေရှင်းနေသည့်အတွက် အဆိုပါဆုံးဖြတ်ချက်တစ်ရပ်လုံးကို သဘောတူလက်ခံပါဝင်ခြင်း မရှိကြောင်း၊ Dissociate ပြုလုပ်ကြောင်းကို ပြတ်ပြတ်သားသားပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အဆိုပါအချက်အလက် ရှာဖွေရေးမစ်ရှင်စေလွှတ်ရေးကိစ္စအပါအဝင် ဆုံးဖြတ်ချက်အား သဘောတူလက်ခံခြင်း မရှိကြောင်းကို ၂၀၁၇ ခုနှစ် မတ် ၂၄ ရက်စွဲဖြင့် သတင်းကြေညာချက်တစ်ရပ် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါကြောင်း။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်



ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှ‌ဌေးဝင်း



အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို

Fact Finding Mission ဖွဲ့စည်းမည့်ကိစ္စနှင့် ပတ်သက်၍ ဂျီနီဗာမြို့ရှိ လူ့အခွင့်အရေးကောင်စီဥက္ကဋ္ဌက မြန်မာအမြဲတမ်းကိုယ်စားလှယ်ကို ဆက်သွယ်လာပါကြောင်း၊ တရားဝင်အတိအလင်း Dissociate ပြုလုပ်ထားပြီးဖြစ်သည့်အတွက် ယင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်မည်မဟုတ်ကြောင်း မြန်မာအမြဲတမ်းကိုယ်စားလှယ်က ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်း Fact Finding Mission အား မြန်မာနိုင်ငံသို့ လာရောက်ခွင့်မပြုရန် မြန်မာသံရုံးများသို့ လိုအပ်သော ညွှန်ကြားမှုများပြုလုပ်ကာ ကာကွယ်တားဆီးသွားမည်ဖြစ်ပါကြောင်း၊ သို့သော် ယင်းမစ်ရှင်အနေဖြင့် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်စုံစမ်းခြင်း၊ ပြည်တွင်းရှိ သက်ဆိုင်သူများအား ဆက်သွယ်မေးမြန်းခြင်းများ ပြုလုပ်၍ တွေ့ရှိချက် အစီရင်ခံစာအား လူ့အခွင့်အရေးကောင်စီသို့ တင်ပြသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် မေလနှင့် ဇွန်လအတွင်းက ဥရောပသမဂ္ဂဌာနချုပ်နှင့် အနောက်နိုင်ငံများသို့ တရားဝင်ခရီးစဉ်များ ဆက်တိုက်သွားရောက်ခဲ့ပြီး အဆိုပါ မစ်ရှင်စေလွှတ်ရေးကိစ္စသည် မြေပြင်အခြေအနေများနှင့်ကိုက်ညီမှုမရှိသည့်အတွက် လက်မခံနိုင်ကြောင်း၊ ရခိုင်ဒေသရှိ အသိုက်အဝန်း နှစ်ရပ်ကို ပိုမိုကွဲပြားစေနိုင်သည့် အကြံပြုချက်များသည် ပြဿနာဖြေရှင်းရာတွင် အထောက်အကူမပြုသည့်အတွက် လက်မခံနိုင်ခြင်းဖြစ်ကြောင်းနှင့် ဒေါက်တာကိုဖီအာနန်၏ အကြံပေးကော်မရှင်က ထောက်ခံတင်ပြချက်များအား အကောင်အထည်ဖော်ခြင်းဖြင့် ရေရှည်တည်တံ့သည့်ဖြေရှင်းမှုရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ရောက်ရှိရာနိုင်ငံတိုင်းတွင် ပြတ်ပြတ်သားသား ပြောကြားခဲ့ကြောင်း။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း နယ်စပ်ရဲစခန်းများ တိုက်ခိုက်ခံရပြီးနောက် နယ်မြေရှင်းလင်းရေးဆောင်ရွက်ခဲ့ရာတွင် ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်များနှင့်ပတ်သက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မရှင်သည် ဖြစ်စဉ်ဖြစ်ပွားသည့်ဒေသများသို့ သွားရောက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားသို့လည်း သွားရောက်၍ စုံစမ်းမေးမြန်းမှုများ ပြုလုပ်နိုင်စေရန် နိုင်ငံခြားရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါကော်မရှင်သည် နိုင်ငံတကာကယုံကြည်လက်ခံနိုင်သည့် အစီရင်ခံစာထုတ်ပြန်လာနိုင်မည်ဆိုပါက လူ့အခွင့်အရေးကောင်စီကစေလွှတ်မည့် အချက်အလက်ရှာဖွေရေးမစ်ရှင်အားလက်ခံရန် နိုင်ငံတကာမှ ဖိအားပေးမှုများကို ပိုမိုထိရောက်စွာတုံ့ပြန်နိုင်စေမည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များကိုလည်း မြေပြင်အခြေအနေနှင့်အညီ အထိရောက်ဆုံးအကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုတိုးတက်ရရှိရေး၊ ပြန်လည်နေရာချထားရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ တိုးမြှင့်ပေးအပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိကြောင်း သက်သေအထောက်အထား ခိုင်လုံပါက ဥပဒေနှင့်အညီ လိုအပ်သည့်အရေးယူမှုများ ပြုလုပ်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း ဖြေကြားသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **အုတ်တွင်းမြို့နယ်ရှိ(၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံအား ခုတင်(၅၀)ဆံ့စံကိုက်ဖွဲ့စည်းပုံအသစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက (၂၅)ခုတင်ဆံ့ အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံ အဆောက်အအုံပိုင်း ပျက်စီးနေမှုများအား တာဝန်ခံဆရာဝန်က ပြင်ဆင်စရိတ် တင်ပြတောင်းခံမည်ဆိုပါက ပြင်ဆင်စရိတ်ချပေးရန် အဆင်သင့်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအရ ဆရာဝန် ငါးဦးရှိရမည်ဖြစ်သော်လည်း နှစ်ဦးသာရှိပါကြောင်း၊ သူနာပြု ၁၅ ဦးရှိရမည်ဖြစ်သော်လည်း ရှစ်ဦးသာရှိသည့်အတွက် ဆရာဝန်၊ သူနာပြုလိုအပ်ချက်အား အမြန်ဆုံးဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ အုတ်တွင်းမြို့နယ် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ရန် လောလောဆယ် အစီအစဉ် မရှိပါကြောင်း၊ (၂၅) ခုတင်ဆံ့မှ ခုတင် (၅၀) ဆံ့သို့ တိုးမြှင့်ရန် ခွင့်ပြုခုတင်အသုံးချမှုရာခိုင်နှုန်းမှာ အနည်းဆုံး ၁၅၀ ရာခိုင်နှုန်းရှိရမည် ဖြစ်ပါကြောင်း၊ ခုတင်အသုံးချမှုရာခိုင်နှုန်း ၁၅၀ ပြည့်ပါက ခုတင် (၅၀) ဆံ့ဆေးရုံအဆင့်သို့ ချက်ချင်းတိုးမြှင့်ပေးနိုင်ရေးစဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပုတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေနှင့် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်တို့၏ ပုတာအိုမြို့နယ် ခုတင်(၁၀၀)ဆံ့ဆေးရုံကြီးအား စံကိုက်ဆေးရုံအဖြစ် တည်ဆောက်ပေးရေးနှင့် တိုင်းရင်းဆေးကဏ္ဍတိုးတက်ပြန့်ပွားရန် ဆောင်ရွက်ပေးရေးဆိုင်ရာ မေးခွန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတင်သွင်းထားသည့် **"မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိ လည်းကောင်း၊ စာမျက်နှာ ၉ သို့**

○

# ယာဉ်များဖြတ်သန်းသွားလာရန် လုံလောက်မှုရှိသည့်အတွက် ဘောလခဲမြို့ရှောင်လမ်းသစ်အား ဖောက်လုပ်ပေးရန် အစီအစဉ်မရှိ

**နေပြည်တော် ဇွန် ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း နှစ်ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်း တစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်း၏ **ဘောလခဲခရိုင် ဘောလခဲမြို့တွင် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မြို့တွင်းလမ်းပိုင်း၏အကျယ်သည် ယာဉ်များဖြတ်သန်းသွားလာရန် လုံလောက်မှုရှိသည့်အတွက် ထပ်မံလမ်းချဲ့ရန် အစီအစဉ်မရှိပါကြောင်း၊ လမ်းဘေးဝဲယာတွင် နေထိုင်လျက်ရှိသော ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်ရန် မလိုအပ်ပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်သည့်အတွက် ဘောလခဲမြို့ရှောင်လမ်းသစ်အား ဖောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ၏ **တောင်ကြီးမြို့နယ် ကျောက်တစ်လုံးကြီးမြို့နယ်ခွဲရှိ နောင်ကားကျေးရွာ၊ တနိုင်ဖက်ကွန်ကျေးရွာ၊ ညောင်ခမ်းကျေးရွာနှင့် ညောင်ရွှေမြို့နယ်ရှိ လွယ်ခေါ်ကျေးရွာသို့ ဆက်သွယ်လျက်ရှိသည့် အတိုဆုံးလမ်းဖြစ်သည့် မြို့နယ်ချင်းဆက် လမ်းမကြီးကို နိုင်ငံတော်မှ သတ်မှတ်ထားသည့် လမ်းဧရိယာ အကျယ်ပေအတိုင်း မြေသားလမ်းကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက တောင်ကြီးမြို့နယ် ကျောက်တစ်လုံးကြီးမြို့နယ်ခွဲရှိ နောင်ကား-တနိုင်ဖက်ကွန်-ညောင်ခမ်းမှ ညောင်ရွှေမြို့နယ်ရှိ လွယ်ခေါ်ကျေးရွာသို့ ဆက်သွယ်သည့်လမ်း ၇ မိုင် ၅ ဖာလုံအနက် ၅ မိုင် ၇ ဖာလုံအား မြေသားလမ်းချဲ့ထွင်ခြင်း အပါအဝင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရန်နှင့် ၎င်းလမ်းပိုင်းတွင် လိုအပ်သော ရေပြွန်ကိုးစင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘတ်ဂျက်မှ လျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးကျော်လင်း



ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်သန်း

ထို့ပြင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်းနှင့် ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးခွန်သိန်းဖေတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ**ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က ဖတ်ကြားတင်ပြရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင်က ဖတ်ကြားတင်ပြရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် **တူးမြောင်း ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်က ဥပဒေကြမ်းပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် တိကျမှန်ကန်ရေး ဆွေးနွေးရာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ကဆုံးဖြတ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ဇွန် ၃၀ ရက်တွင် ကျင်းပရန် လျာထားကြောင်း ကြေညာသည်။

**သူရဇော်၊ မွေးကြူဇင် (သတင်းစဉ်)**

# အားလုံးပါဝင်အရောက်လှမ်း၍ သမဝါယမပန်းတိုင်ဆီ

## Kဇင်သစ်(မန်းတက္ကသိုလ်)

အစိုးရသစ်လက်ထက် တစ်နှစ်တာ ဆောင်ရွက်ခဲ့မှုများတွင် ပွင့်လင်းမြင်သာရှိမှုက ထိပ်ဆုံးအဆင့်တွင် အောင်ပန်းဆင်ခဲ့သည်ဟု ဆိုဝံ့လှပါသည်။ ပွင့်လင်းမြင်သာမှုဖြင့်ယုံကြည်မှုကို တည်ဆောက်ရမည်ဖြစ်ပြီး အုပ်ချုပ်သူအစိုးရ၏ ဦးဆောင်မှုအပိုင်းတွင် ပြည်သူတို့ကလည်း စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်လှပါသည်။ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (ICA) ၏ အခြေခံမူများတွင်လည်း ပွင့်လင်းမြင်သာမှုရှိဖို့နဲ့ လွတ်လပ်စွာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်ရှိသည်ဟု ပါရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနတွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် ဗဟိုသမဝါယမအသင်းလီမိတက်သည် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Co-operative Alliance-ICA) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိနေသည်။ မြန်မာနိုင်ငံရှိ သမဝါယမအသင်းများအားလုံးသည် ICA မူ၊ မြန်မာ့သမဝါယမအခြေခံမူ၊ ဝန်ကြီးဌာန၏မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရပါသည်။ ၁၉၉၄ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ နှစ်စဉ် ဇူလိုင်လ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

၁၈၉၅ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့သည့် ICA သည် ၁၉၂၃ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကျင်းပခဲ့ရာ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁ ရက် စနေနေ့သည် (၉၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဖြစ်ပါသည်။ ကမ္ဘာအဝှမ်း သမဝါယမအသင်း၊ အဖွဲ့များက အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုအခမ်းအနားများပြုလုပ်ကြပြီး သမဝါယမ၏ ကြိုးပမ်းအားထုတ်မှုနှင့် ကမ္ဘာ့အကျိုးပြုမှုများကို ဖော်ထုတ်ပြသကြပါသည်။ ICA အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင်လည်း သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းအဆင့်ဆင့်တို့ ပူးပေါင်းပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုအခမ်းအနားကို ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ နေပြည်တော်ရုံးအမှတ် (၁၆) သမဝါယမဦးစီးဌာနရုံးဝင်းအတွင်း ယခင်နှစ်များထက် ပိုမိုစည်ကားအောင် ကျင်းပဆောင်ရွက်သွားမည်ဟုလည်း ကြားသိနေရပါသည်။

ဒီမိုကရေစီအစိုးရလက်ထက်တွင် ယခင်ဝန်ကြီးဌာန သုံးခုကို ပူးပေါင်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းကြောင့် ဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် စီမံကိန်းဦးစီးဌာန (စိုက်-မွေး-သမ)၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန စသည့် ဦးစီးဌာန ၁၂ ခု၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်(သန်လျင်)၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) စသည့် တက္ကသိုလ်ကြီး လေးခုတို့ ရှိနေပြီဖြစ်ပါသည်။ ဦးစီးဌာနများ၏ လုပ်ငန်းတာဝန်သည် များပြားလှပြီး လယ်ယာ၊ သားငါးကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်ခုတ်မောင်းနေသလို တက္ကသိုလ်ကြီးများကလည်း ကျေးလက်နေ တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းခွင် သာယာပျော်ရွှင်စေဖို့ Extension worker များ (တိုးချဲ့ပညာပေးသူများ)ကို မွေးထုတ်ပေးလျက်ရှိနေပါသည်။ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် တက္ကသိုလ်ကြီးများအနေဖြင့် ချိတ်ဆက်မှုကောင်းကောင်း၊ ဆက်နွယ်မှုပီပီပြင်ပြင်၊ ပူးပေါင်းဆောင်ရွက်မှု တက်တက်ကြွကြွကိုယ်စီဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက လယ်ယာကဏ္ဍဖွံ့ဖြိုးမှုမှာ မျှော်မှန်းသည်ထက် ပိုမိုကျော်လွန်နေမည်ဖြစ်ပါသည်။

လယ်ယာကဏ္ဍထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးများသည် တိုင်းပြည် GDP ၏ ၃၀ ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိပြီး နိုင်ငံတော်၏အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုကလည်း လယ်ယာကဏ္ဍမှ သုံးပုံ၊ နှစ်ပုံ ဖန်တီးပေးလျက်ရှိနေပါသည်။ အစားအစာဘေးကင်းလုံခြုံမှုနှင့် အစာအာဟာရပြည့်ဝစေရေး ဦးဆောင်ပဲ့ကိုင်နေသည့် ကဏ္ဍကြီးလည်းဖြစ်ပါသည်။ ဤမျှ နိုင်ငံတော်အတွက် အားကိုးအားထားပြုနေရသည့် လယ်ယာကဏ္ဍကြီးကို အစိုးရ၊ ပုဂ္ဂလိက၊ တောင်သူဦးကြီးများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့မှ တစိုက်မတ်မတ် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ဖို့ လိုနေပြီဖြစ်ပါသည်။ အစိုးရပိုင်း၏ စုဖွဲ့မှုပုံသဏ္ဌာန်သည် ခိုင်မာကောင်းမွန်လျက်ရှိနေသည်ကို တွေ့ရမှာဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနများအနေဖြင့်လည်း အစိုးရပိုင်းမှ ကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကိုလည်း တည်ဆဲဥပဒေများနှင့်အညီ လုပ်ဆောင်ပေးနိုင်ခွင့်ရှိသည့် မူဘောင်အတွင်းမှ Best Supporting ကောင်းကောင်းဖြင့် ပြည်သူ့အကျိုးထမ်းသယ်ပိုးပေးမည်ဆိုပါက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဟုန် သိသာစွာတိုးတက်မြင့်မားလာမည်လည်းဖြစ်ပါသည်။ ဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ပြီး၊ ထုတ်ပြန်ရန်ဆောင်ရွက်ဆဲ လယ်ယာဆိုင်ရာဥပဒေများကို လက်တွေ့နယ်ပယ်တွင် တောင်သူဦးကြီးများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်အောင် ဖြည့်စွက်ပြင်ဆင်ခြင်း၊ အသစ်ထုတ်ပြန်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိနေသည်မှာလည်း အားလုံးအသိပင်ဖြစ်ပါသည်။ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ အထိ ဒုတိယကာလတို ငါးနှစ် လယ်ယာကဏ္ဍမူဝါဒ၊ လုပ်ငန်းစဉ်များကို ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး အဆိုပါမူဝါဒများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာဌာနများက Action Plan များ ချမှတ်ဆောင်ရွက်လျက်ရှိနေသည်မှာလည်း အားရကျေနပ်ဖွယ်ရှိလှပေသည်။

သမဝါယမဦးစီးဌာနအနေဖြင့်လည်း ဝန်ကြီးဌာန၏ လယ်ယာကဏ္ဍမူဝါဒ၊ လုပ်ငန်းစဉ်များကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် Action Plan (၈)ရပ်ကို ချမှတ်ကာ လက်တွေ့ကျကျ ထဲထဲဝင်ဝင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သမဝါယမ၏ ဆောင်ရွက်ပေးမှုသည် လယ်ယာကဏ္ဍထုတ်ကုန်များ စတင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ တန်ဖိုးကွင်းဆက်တစ်လျှောက်လုံး ငွေကြေးဇာစ်မြစ်ဖန်တီးပေးမှုတွင် အဓိကဦးဆောင်နေသည်ကို သတိပြုမိပါသည်။ ၃၁. ၅. ၂၀၁၇ ရက်နေ့အထိ အသင်းသားအိမ်ထောင်စု ၄၂၇၉၄၄၀၊ တစ်နည်း အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ လေးဦးနှုန်းဖြင့် တွက်ချက်ပါက သမဝါယမ အဝန်းအဝိုင်းနှင့် ဆက်နွယ်သူ ၁၆၉၉၇၇၆၀ တို့ ပါဝင်နေသည့် သမဝါယမအသင်း ၄၀၆၁၀ သည် သမဝါယမဦးစီးဌာနအဆင့်ဆင့်တွင် ဖွဲ့စည်းမှတ်ပုံတင်ထားကြပါသည်။ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၄၃၀၂၈၃ ဒသမ ၆၀၆ သန်း၊ မွေးမြူရေးချေးငွေကျပ် ၅၆၀၀၈ ဒသမ ၃၅၇ သန်း၊ လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချထားငွေကျပ် ၃၇၅၃၁ ဒသမ ၅၉၅ သန်း၊ မျိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့် သွင်းအားစုများအား ဝယ်ယူနိုင်ရေး ထုတ်ချေးထားငွေကျပ် ၆၃၄၆ ဒသမ ၂၆၅ သန်း၊ လယ်ယာထုတ်ကုန် တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်သည့် SME လုပ်ငန်းများအား ထုတ်ချေးထားငွေကျပ် ၄၂၈၉ ဒသမ ၂၃၂ သန်း၊ လယ်ယာလုပ်သားများအတွက် ချေးငွေကျပ် ၇၂၀၈ ဒသမ ၂၁၇ သန်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းရေး၊ လယ်ယာမြေများ အဆင့်မြှင့်တင်ခြင်းအတွက် ချေးငွေကျပ် ၁၁၁၇၀ ဒသမ ၄၇၂ သန်း စုစုပေါင်းငွေကျပ် ၅၅၂၈၃၇ ဒသမ ၇၄၄ သန်းကို ကျေးလက်နေ တောင်သူဦးကြီးများနှင့် လယ်ယာထွက်ကုန် တန်ဖိုးမြှင့်ထုတ်ကုန်များ လုပ်ကိုင်လျက်ရှိသည့် SME လုပ်ငန်းရှင်များအား သမဝါယမနည်းစနစ်ပုံစံများဖြင့် ဆောင်ရွက်ပေးနေခြင်းကလည်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေး (Supply Change Financing) ကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနေခြင်းဖြစ်သည်ဟု မှတ်ယူနေမိပါသည်။ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ထုပ်ပိုးမှု၊ သိုလှောင်ထိန်းသိမ်းမှု၊ သယ်ယူပို့ဆောင်ရေး၊ ကြိတ်ခွဲဖြန့်ဖြူး-ရောင်းချမှုအပိုင်းများတွင်လည်း အရင်းအနှီးလိုအပ်ပါက သမဝါယမခွန်အားဖြင့် ဆောင်ရွက်ပေးဖို့ လွန်စွာမှ အရေးကြီးလှပါသည်။ ယနေ့အထိ သမဝါယမအသင်းသားများ၏ အစုငွေကျပ် ၆၂၄၉၈ ဒသမ ၀၁၄ သန်း၊ စုဆောင်းငွေကျပ် ၂၃၉၅၃ ဒသမ ၆၄၆ သန်း စုစုပေါင်းငွေကျပ် ၃၀၂၀၅၁ ဒသမ ၆၆ သန်းခန့် ရှိနေပြီဖြစ်ပါသည်။

သမဝါယမများသည် အနည်းငယ်/အတန်အသင့်တန်ဖိုးရှိ ငွေကြေးကို ပုံမှန်စုဆောင်းခြင်းဖြင့် ရရှိလာသည့် အရင်းအနှီးကို အခြေပြုခြင်းနှင့် ငွေကြေးပါဝင်မှုကို အမြဲတစေမြှင့်တင်ကာ ပြည်သူဗဟိုပြုခြင်းမျိုးပုံစံ လုပ်ဆောင်နေပြီး ယင်းတို့သည် ကြွယ်ဝချမ်းသာမှုကို ပိုမိုမျှတသည့်နည်းလမ်းဖြင့် ခွဲဝေပေးလျက်ရှိနေပါသည်။ အသင်းသားများသည် အရင်းအနှီးအတွက် စုပေါင်းထည့်ဝင်ကြပြီး အများဆန္ဒနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်နေကြပါသည်။ ကိုယ့်အားကိုယ်ကိုး စွန့်ဦးစီးပွားရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းပုံစံအဖြစ် တည်ရှိနေသည့် သမဝါယမများသည် ၎င်းတို့၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စံပြုပုံစံ၏ အကျိုးကျေးဇူးများကို ကမ္ဘာသူ ကမ္ဘာသားအားလုံးထံသို့ ယူဆောင်ပေးရန် ဆန္ဒရှိပါသည်။ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့် UNESCO မှလည်း သမဝါယမများကို မျက်စိဖြင့်မမြင်နိုင်သော၊ ကိုင်တွယ်ထိတွေ့၍မရသော လူသားချင်းကိုယ်ချင်းစာနာမှုဆိုင်ရာ အမွေအနှစ်စာရင်း (List of Intangible Cultural Heritage of Humanity)တွင် ထပ်မံဖြည့်သွင်းခဲ့ပါသည်။ သမဝါယမမူဝါဒများတွင် ခွဲခြားဆက်ဆံမှုမရှိခြင်းဆိုရာတွင် ကျား၊ မ ရေးရာ၊ လူမှုရေး၊ လူမျိုးရေး၊ နိုင်ငံရေးနှင့် ဘာသာရေးကို မခွဲခြားဘဲ မည်သူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းကိုမျှ နောက်မကျန်ခဲ့စေရေးကို အလေးထားဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့ဆိုရာ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဆောင်ပုဒ်ကို "Co-operatives ensure no one is left behind" ဟု ICA မှ နှိုးဆော်ထားပေသည်။

ကမ္ဘာပေါ်ရှိ သမဝါယမများသည် ငွေကြေးဝန်ဆောင်မှု၊ လယ်ယာ၊ သားငါးလုပ်ငန်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အိမ်ရာလုပ်ငန်း၊ အာမခံလုပ်ငန်း၊ SME ဖွံ့ဖြိုးရေးလုပ်ငန်း စသည့် စီးပွားရေးကဏ္ဍများကို လုပ်ဆောင်နေကြပါသည်။ ကမ္ဘာ့အကြီးဆုံးသမဝါယမအသင်း ၃၀၀ ၏ နှစ်စဉ် လှည့်လည်ငွေရင်းမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိပြီး လူဦးရေသန်း ၂၅၀ ကျော်သည် သမဝါယမလုပ်ငန်းများဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြောင်း ကမ္ဘာ့သမဝါယမစောင့်ကြည့်လေ့လာမှုအဖွဲ့ (The World Co-operative Monitor)၏ အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။ မြန်မာ့သမဝါယမများအနေဖြင့်လည်း ကမ္ဘာ့သမဝါယမများ ဆောင်ရွက်နေသည့်လုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဆောင်ရွက်နိုင်အောင် အစဉ်ကြိုးစားနေကြရဦးမည် ဖြစ်ပေသည်။

၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို သမဝါယမများက ထိုးထွင်းကြံဆ ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ ကမ္ဘာတစ်ဝန်း သမဝါယမအဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်နေချိန်တွင် မြန်မာ့သမဝါယမအဖွဲ့အစည်းသည် နောက်ကျန်ခဲ့ခြင်းမျိုး မဖြစ်ရအောင် မမှိတ်မသုန် လုံ့လစိုက်ထုတ် ကြိုးပမ်းစွမ်းဆောင်နေကြရမည်ဖြစ်ပေသည်။ မြန်မာ့သမဝါယမအဖွဲ့အစည်းအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နေမှုအပိုင်းတွင် ထုတ်လုပ်သည်မှ စားသုံးသည်အထိ တန်ဖိုးကွင်းဆက်တစ်လျှောက် ငွေကြေးဆိုင်ရာထောက်ပံ့ပေးခြင်း (Value Change Financing Supporting) အခန်းကဏ္ဍ၌ သမဝါယမစံနှုန်းများဖြင့် ပြည်သူ့အကျိုး ဆောင်ရွက်ပေးနေခြင်းမျိုးတွင် ဆက်စပ်အစိုးရဌာနအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သမဝါယမအသင်း BOD၊ ဝန်ထမ်းနှင့် အသင်းသားပြည်သူများ၊ အသင်းသားအဖြစ်ပါဝင်ရန် ဆန္ဒရှိနေသူများ စသည်တို့မှ တစ်စုံတစ်ဦးမျှ ကျန်ခဲ့စေခြင်းမျိုးမရှိစေဘဲ ခွဲခြားဆက်ဆံခြင်းမျိုး အသွင်မဆောင်စေဘဲ အားလုံးပူးပေါင်းပါဝင်ပြီး သမဝါယမပန်းတိုင်ဆီသို့ အများပြည်သူများနှင့်အတူ လှမ်းချီကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

***(၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။)***

## မွန်ပြည်နယ် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဆင်းပွဲ ကျင်းပ

**မော်လမြိုင် ဇွန် ၂၉**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပရိယတ္တိ ဓမ္မဗိမာန်တော်ကြီး၌ ပြည်နယ်သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)က ကြီးမှူး၍ကျင်းပသော သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဆင်းပွဲကို ယနေ့ညနေ ၃ နာရီက ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်၊ နတ်မှော်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနက သင်တန်းဆင်း ဩဝါဒကထာ မိန့်ကြားတော်မူပြီး သင်တန်းသားသံဃာတော် ၉၉ ပါးတို့ကို သင်တန်းဆင်းလက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် သင်တန်းအတွက် လိုအပ်သော အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် သင်တန်းသားသုံး စာရေးကိရိယာများနှင့် အခြားလိုအပ်သည်များ လှူဒါန်းကြသော အလှူရှင်များကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**



ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံလက်မှုပညာ(ခြင်းရက်လုပ်ခြင်း) သင်တန်းကို ဇွန် ၂၈ ရက်က ဖွင့်လှစ်ရာ မြို့နယ်ဦးစီးမှူး ဦးကျော်ဆိုင် အဖွင့်အမှာစကားပြောကြားစဉ်။ **(ကနီကျေးလက်)**

## မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံး၏ အကြီးအကဲ/သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇွန် ၃၀**

Mr. Kristian SCHMIDT အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံး၏ အကြီးအကဲ/သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mr. Kristian SCHMIDT ကို ၁၉၆၇ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ဒိန်းမတ်နိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ပြင်သစ်နိုင်ငံ Droit တက္ကသိုလ်နှင့် ဒိန်းမတ်နိုင်ငံ Copenhagen တက္ကသိုလ်တို့မှ စီးပွားရေးဘွဲ့များကို လည်းကောင်း၊ အီတလီနိုင်ငံ Bologna တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံနှင့် အပြည်ပြည်ဆိုင်ရာဥပဒေဘွဲ့ကိုလည်းကောင်း၊ ပြင်သစ်နိုင်ငံ Etudes ကောလိပ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ကိုလည်းကောင်း၊ ဗြိတိန်နိုင်ငံ Cambridge တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်မဟာဘွဲ့ကိုလည်းကောင်း အသီးသီးရရှိခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဒိန်းမတ်နိုင်ငံ စက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ဒိန်းမတ်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတို့၌ လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဥရောပသမဂ္ဂနှင့် ဥရောပကော်မရှင်တို့၌ လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ်မှ လက်ရှိအချိန်အထိ ယူဂန်ဒါနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံး၏ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး(၃) ဦးရှိသည်။

**(သတင်းစဉ်)**

## တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၁၅/၂၀၁၇)**
၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(က) ကရင်ပြည်နယ်လွှတ်တော်
ကြည်း ၁၈၆၃၇ ဗိုလ်မှူးကြီးအောင်လွင် — အစား — ကြည်း ၂၂၆၁၇ ဗိုလ်မှူးကြီးမျိုးမင်းနောင်

(ခ) ချင်းပြည်နယ်လွှတ်တော်
ကြည်း ၂၁၁၂၃ ဗိုလ်မှူးကြီးကျော်ကျော် — အစား — ကြည်း ၂၅၉၉၅ ဗိုလ်မှူးကြီးဟန်ဝင်းအောင်

(ဂ) မကွေးတိုင်းဒေသကြီးလွှတ်တော်
ကြည်း ၂၀၅၉၅ ဗိုလ်မှူးကြီးနိုင်ဦး — အစား — ကြည်း ၂၀၈၂၅ ဗိုလ်မှူးကြီးမင်းဦး

(ဃ) မန္တလေးတိုင်းဒေသကြီးလွှတ်တော်
ကြည်း ၂၁၆၅၈ ဗိုလ်မှူးကြီးမျိုးမင်းအောင် — အစား — ကြည်း ၂၆၁၀၉ ဗိုလ်မှူးကြီးကျော်ကျော်မင်း

(င) ရခိုင်ပြည်နယ်လွှတ်တော်
ကြည်း ၁၇၅၁၇ ဗိုလ်မှူးကြီးထိန်လင်း — အစား — ကြည်း ၂၂၆၆၆ ဗိုလ်မှူးကြီးဖုန်းတင့်

(စ) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်
ကြည်း ၂၀၆၈၂ ဗိုလ်မှူးကြီးတင်အောင်ထွန်း — အစား — ကြည်း ၂၇၁၈၉ ဗိုလ်မှူးကြီးအောင်စိုးမိုး

(ဆ) ရှမ်းပြည်နယ်လွှတ်တော်
ကြည်း ၁၉၇၂၉ ဗိုလ်မှူးကြီးစိုးမိုးအောင် — အစား — ကြည်း ၂၃၉၁၁ ဗိုလ်မှူးကြီးနိုင်ဝင်းအောင်

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဆဋ္ဌမအကြိမ်မြောက် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၉**

ဆဋ္ဌမအကြိမ်မြောက် မြန်မာ-အိန္ဒိယကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇွန် ၂၇ ရက်က ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး Smt. Nirmala Sitharaman တို့ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။



မြန်မာ-အိန္ဒိယကုန်သွယ်ရေးပူးတွဲကော်မတီ၏ အဆင့်မြင့်အရာရှိအစည်းအဝေးကို ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ Joint Secretary၊ Mr. Shri Ali R. Rizvi တို့က ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့်ဆက်စပ်နေသော ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းမည့်လုပ်ငန်းစဉ်များကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ညနေပိုင်းတွင် နှစ်ဖက်ဝန်ကြီးများက ဆဋ္ဌမအကြိမ်မြောက် မြန်မာ-အိန္ဒိယကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးမှတ်တမ်း သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံဘက်မှ ဆွေးနွေးညှိနှိုင်းမှုများအရ ယခင် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှုတွင် အိန္ဒိယနိုင်ငံဘက်မှ ကုန်ပစ္စည်းအမျိုးအစား ၆၂ မျိုးသာ ကုန်သွယ်ခွင့်ပြုထားခဲ့ရာမှ ယခုအစည်းအဝေးတွင်တောင်းဆိုခဲ့ရာ ကုန်ပစ္စည်းအားလုံးကို ကုန်သွယ်ခွင့်ရရှိခဲ့သည်။ အလားတူ မြန်မာ့အဓိကပို့ကုန်များ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ အထူးအခွင့်အရေးပေးသည့် Duty Free Tariff Preference (DFTP) Scheme အရ အကောက်ခွန်လိုင်း ၉၆ ရာခိုင်နှုန်းကို အခွန် သုညရာခိုင်နှုန်းသို့လျှော့ချပေးပြီး အခွန်လျှော့ခြင်း မရှိသေးသော ကုန်ပစ္စည်းများကို အခွန်လျှော့ချပေးရေးနှင့် မြန်မာ့ပို့ကုန်များအပေါ် မီဇိုရမ်ပြည်နယ်မှ အကောက်ခွန်အပြင် ဒေသန္တရအခွန်များ စည်းကြပ်ကောက်ခံမှုများကို လျှော့ချပေးနိုင်ရေးတို့အတွက် ၎င်းတို့ဘက်မှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယဘက်မှ ကတိကဝတ်များကို ရရှိခဲ့သည်။ ထို့အပြင် အိန္ဒိယနိုင်ငံဘက်မှ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ဒေသအခြေအနေအရ ကုန်သွယ်မှုလုပ်ငန်းများ ယာယီရပ်ဆိုင်းမည်ဆိုပါက မြန်မာဘက်သို့ ကြိုတင်ညှိနှိုင်းအသိပေးရန် ဆွေးနွေးသဘောတူညီမှု ရရှိခဲ့ကြသည်။

ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၏ ကားလမ်းဖောက်လုပ်ခြင်းနှင့် ရိဒ်-တီးတိန်လမ်းပိုင်းများဆောက်လုပ်ရေးကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်သွားနိုင်ရေးနှင့် ရိဒ်-ဇိုခေါသာရ်ကြားရှိ နှစ်နိုင်ငံချစ်ကြည်ရေးတံတားကို အိန္ဒိယနိုင်ငံဘက်မှ အဆင့်မြှင့်တင်ပေးရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် သက်ဆိုင်ရာဘဏ်များအကြား ဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား နယ်စပ်ဈေးများစီမံခန့်ခွဲမှုနည်းလမ်း(Mode of Operation)အား နှစ်ဖက်ဆက်လက်ညှိနှိုင်းသွားနိုင်ရေးအတွက် အစည်းအဝေးတစ်ရပ် ကျင်းပသွားရေး၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံတွင် Myanmar Investment Road Show ပြပွဲနှင့် နှစ်နိုင်ငံကုန်စည်ပြပွဲများ အပြန်အလှန် ကျင်းပနိုင်ရေး၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးကဏ္ဍ၊ နှစ်နိုင်ငံကျွမ်းကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေးကဏ္ဍ၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါတားဆီးနှိမ်နင်းရေးနှင့် မွေးမြူရေးလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

၎င်းအပြင် မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံ၏ DFTP Scheme နှင့် အကောက်ခွန်နှင့် သက်ဆိုင်သော အသိပညာ ဗဟုသုတဖလှယ်မည့် အစီအစဉ်များနှင့် e-commerce၊ စိုက်ပျိုးရေး စသည့်ကဏ္ဍများတွင် သင်တန်းများ ကူညီပံ့ပိုးပေးရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယခု အစည်းအဝေးကျင်းပခဲ့ခြင်းကြောင့် အိန္ဒိယဘက်မှ အခွန်လျှော့ချရေးအပါအဝင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ အိန္ဒိယနိုင်ငံမှ နည်းပညာအထောက်အပံ့ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်သည့် ရလဒ်ကောင်းများ ရရှိခဲ့သည်။

သတ္တမအကြိမ်မြောက် မြန်မာ-အိန္ဒိယကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးကို မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ဆီးဂိမ်းပြိုင်ပွဲအတွက် ဂျူဒိုအားကစားသမားများ ဂျပန်နိုင်ငံသို့ သွားရောက်လေ့ကျင့်

**ရန်ကုန် ဇွန် ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများသည် ဂျပန်နိုင်ငံ HoK Kaido ကျွန်းရှိ Dohto တက္ကသိုလ်၌ Joint Training အဖြစ် စခန်းသွင်းလေ့ကျင့်ရန်အတွက် ဇွန် ၂၇ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အဖွဲ့ချုပ်အလုပ်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌက အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံသို့ သွားရောက်လေ့ကျင့်မှုသည် မလေးရှားနိုင်ငံတွင်ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ၌ အောင်မြင်မှုရရှိရန်အတွက်ဖြစ်ပြီး ဇွန် ၂၇ ရက်မှ ဇူလိုင် ၃၁ ရက်အထိ လေ့ကျင့်သွားမည်ဖြစ်ကာ ယင်းလေ့ကျင့်မှု၏ ခရီးစဉ်တွင် ဆီးဂိမ်းပြိုင်ပွဲအတွက် ရွေးချယ်ထားသော မြန်မာ့လက်ရွေးစင်အားကစားသမား ခုနစ်ဦးနှင့် အုပ်ချုပ်သူတစ်ဦး၊ မြန်မာနည်းပြတစ်ဦး၊ ဂျပန်နည်းပြတစ်ဦး စုစုပေါင်း ၁၀ ဦး လိုက်ပါသွားကြောင်း သိရသည်။

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်အနေဖြင့် စင်ကာပူနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေသုံးခုနှင့် ကြေးနှစ်ခုတို့ ဆွတ်ခူးရရှိခဲ့ပြီး ယခု ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံတွင်ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်အတွက် စွမ်းစွမ်းတမံ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(စောလှိုင်ဝင်း)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Steve Marshall နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Steve Marshall အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဥပဒေရေးရာနှင့် သက်ဆိုင်သောကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Steve Marshall အား ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ်ဥပဒေရေးရာနှင့် သက်ဆိုင်သောကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







# ဇေယျာသီရိမြို့နယ်အတွင်းရှိ အောင်ချက်အကောင်းဆုံး ကျောင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၉**

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများအား မန်းအောင်ငြိမ်းဖောင်ဒေးရှင်းက ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မည်သည့်ပညာရေးစနစ်တွင်ဖြစ်စေ ကျောင်းသား ကျောင်းသူများအနေဖြင့် တတ်မြောက်အောင် သင်ယူရန်လိုအပ်ကြောင်း၊ ဆရာများသည် ကျောင်းသား ကျောင်းသူများအား တတ်အောင်သင်ကြားပေးရန် လိုအပ်သကဲ့သို့ မိဘများကလည်း မိမိတို့ကလေးများ ကျောင်းများတွင် ပညာသင်ယူနိုင်စေရန်နှင့် မည်သို့ကြိုးစားပညာ သင်ယူနေသည်ကို ဆန်းစစ်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ ဟန်ချက်ညီညီ ပြုလုပ်နိုင်ပါက ကျောင်းသားသည် အောင်မြင်ပါကြောင်း၊ ထို့ကြောင့် ဆရာ၊ မိဘ၊ ကျောင်းသားများအနေဖြင့် ဟန်ချက်ညီအောင် ဆောင်ရွက်နိုင်ပါမှ အောင်မြင်မှုရနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ရာ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက ခြောက်ဘာသာဂုဏ်ထူးနှင့် ငါးဘာသာ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အတွင်းရေးမှူး ဦးခင်မောင်ထွန်းက လေးဘာသာ ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်က သုံးဘာသာ ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးစံရွှေအောင်က နှစ်ဘာသာဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက တစ်ဘာသာ ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇေယျာသီရိမြို့နယ်မှ အောင်ချက်အကောင်းဆုံး ကျောင်းများအား ဆုချီးမြှင့်ရာ နေပြည်တော်တိုင်းပညာရေးမှူး ဦးမျိုးဝင်းအောင်က အောင်ချက်အကောင်းဆုံး ပထမရရှိသော အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အောင်ချက်အကောင်းဆုံး ဒုတိယရရှိသော အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် အောင်ချက်အကောင်းဆုံး တတိယရရှိသော အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း (ကျည်တောင်)တို့မှ ကျောင်းအုပ်ကြီးများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မဆုလဲ့ပိုပိုက ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

# ရေပေးဝေမှု ခေတ္တပြတ်တောက်မည်

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်မြို့တော်သို့ သောက်သုံးရေပေးပို့ဖြန့်ဝေလျက်ရှိသော လှော်ကားရေလှောင်ကန်မှ ရန်ကုန်မြို့တွင်း ရေပေးဝေလျက်ရှိသည့် ၆၆ လက်မ ကွန်ကရစ်ရေပို့ပိုက်မကြီးမှာ ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် မင်္ဂလာဒုံမြို့နယ် ကြူစမ်းရပ်ကွက် အောင်ချမ်းသာလမ်းအနီးတွင် ပိုက်လိုင်းချို့ယွင်းမှု ဖြစ်ပေါ်ခဲ့သဖြင့် အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ ရေပို့ပိုက်လိုင်း ပြုပြင်နေစဉ်အတွင်း ရွှေပြည်သာ၊ အင်းစိန်၊ မရမ်းကုန်း၊ လှိုင်သာယာ၊ လှိုင်၊ ကမာရွတ်၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ သာကေတ၊ ကျောက်တံတားမြို့နယ်များတွင် ရေပေးဝေမှု ခေတ္တပြတ်တောက်မည်ဖြစ်သည်။ အခြားရေလှောင်ကန်ကြီးများဖြစ်သည့် ငမိုးရိပ်ရေလှောင်ကန်နှင့် ဂျိုးဖြူရေလှောင်ကန်မှပေးဝေသည့် ကျန်ရှိသည့်မြို့နယ်များနှင့် နေရာများသို့ ရေပုံမှန်ပေးဝေလျက်ရှိသည်။ ယင်းပိုက်လိုင်းချို့ယွင်းမှုကို အမြန်ပြုပြင်လျက်ရှိပြီး ခန့်မှန်းပြီးစီးမည့်အချိန် ဇွန် ၃၀ ရက် ည ၈ နာရီတွင် ရေပုံမှန်ပြန်လည်ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

○ စာမျက်နှာ ၅ မှ

**အခြေခံကျောင်းများမှ တက္ကသိုလ်ကောလိပ်များအထိ လည်းကောင်း အားကစားပြက္ခဒိန်များရေးဆွဲ၍ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီနှင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့က အကြံပြုဆွေးနွေးကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အတည်ပြုသင့်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတို့၏ နှစ်ပတ်လည် အစီရင်ခံစာများကို ဖတ်ကြားတင်ပြခြင်း၊ "အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"အား လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ အေးအေးသန့်(သတင်းစဉ်)**

# ရွှေတိဂုံစေတီတော်အား ပန်းပေါင်းတစ်သန်း၊ ဆီမီးတစ်သောင်းဖြင့် သီရိလင်္ကာနိုင်ငံဆရာတော်မှ ပူဇော်



**ရန်ကုန် ဇွန် ၂၉**

သီရိလင်္ကာနိုင်ငံ သီရိသံဗောဓိဖောင်ဒေးရှင်း (Sri Sambodhi Foundation)မှ ဥက္ကဋ္ဌ ဆရာတော်ဓဂ္ဂါရာယာမကုသလဓမ္မ ဦးဆောင်သော သံဃာတော်များ၊ အလှူရှင်များနှင့် ဘုရားဖူးဧည့်သည်တော်များသည် ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်၌ ပန်းပေါင်းတစ်သန်း၊ ဆီမီးတစ်သောင်း ပူဇော်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သီရိလင်္ကာနိုင်ငံ သီရိသံဗောဓိဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော်များထံမှ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် သီရိလင်္ကာနိုင်ငံ သီရိသံဗောဓိဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက သီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် ဦးသောင်းထိုက်က ဇယမင်္ဂလာထောမနာစာတမ်းလွှာကို ဖတ်ကြားသည်။ ယင်းနောက် သီရိလင်္ကာနိုင်ငံ သီရိသံဗောဓိဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌဆရာတော်နှင့် သံဃာတော်များ၊ မြန်မာနိုင်ငံမှ ဆရာတော်၊ သံဃာတော်များ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့်ဘုရားဖူးဧည့်သည်တော်များသည် ပန်းပေါင်းတစ်သန်း၊ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ရန် ရွှေတိဂုံ ရင်ပြင်ပေါ်၌ လှည့်လည်ပူဇော်ခဲ့ရာ ဘာသာရေးအသင်းအဖွဲ့များက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများဖြစ်သည်နှင့်အညီ ရှေးအစဉ်အဆက်ကပင် ဘာသာရေးဆိုင်ရာ ချစ်ခင်ရင်းနှီးစွာ ဆက်ဆံမှုများရှိခဲ့ကြသည်။ ရွှေတိဂုံစေတီတော်ရင်ပြင် အဂ္ဂိထောင့်ရှိ ဗောဓိညောင်ပင်သည် သီရိလင်္ကာနိုင်ငံ အနုရဓပူရမြို့ဟောင်း မဟာဗောဓိပင်၏ ညောင်သီးမှ မယ်ဒက်ဆရာတော်ကြီး ယူဆောင်စိုက်ပျိုးခဲ့သော ဗောဓိညောင်ပင်ဖြစ်သည်။ ကန္ဒီမြို့ ဗုဒ္ဓစွယ်တော်တိုက်ဂေါပကအဖွဲ့နှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် သာသနာတော် ထွန်းကားပြန့်ပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားခဲ့ပြီး ကန္ဒီမြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓပြတိုက်တွင် မြန်မာနိုင်ငံ ဗုဒ္ဓပြခန်းကိုလည်း ခင်းကျင်းပြသထားခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**သတင်း-ဇော်မင်းလတ်၊ ဓာတ်ပုံ-ကိုကိုဇော်**

# အကြမ်းဖက်ခံရပြီး သေဆုံးသူမိသားစုများအား ထောက်ပံ့ငွေပေးအပ်

**မောင်တော ဇွန် ၂၉**

မောင်တောမြို့နယ် စံကားပင်ရင်းကျေးရွာအုပ်စု တရိန်းရွာမှ ကျေးရွာသား လေးဦးသည် ကျွန်းပေါက်ပြုစုကျေးရွာအနီး အကြမ်းဖက်တိုက်ခိုက်ခံရပြီး ယင်းဖြစ်စဉ်တွင် သေဆုံးသွားသူများနှင့် ဒဏ်ရာရရှိသူတို့၏ မိသားစုများကို ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့ ဇောတိကာရုံ ဘုန်းတော်ကြီးကျောင်း၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အားပေးနှစ်သိမ့်စကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။



ဝန်ကြီးချုပ်က သေဆုံးသူနှစ်ဦး၏ မိသားစုများအတွက် ငွေကျပ်ငါးသိန်းစီ၊ ဒဏ်ရာရသူတစ်ဦးအတွက် ငွေကျပ်သုံးသိန်းနှင့် ကျန်တစ်ဦးအတွက် ငွေကျပ်နှစ်သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

မောင်တောမြို့နယ် စံကားပင်ရင်းကျေးရွာအုပ်စု တရိန်းကျေးရွာနေ ဦးစံသာ၊ ဦးအောင်ကျော်၊ ဦးကိုကိုသိန်းနှင့် ဦးကျန်သိန်းအောင်တို့သည် ဇွန် ၂၄ ရက်က ကျွန်းပေါက်ပြုစုကျေးရွာအနီး အကြမ်းဖက်သမားများက ဓားဖြင့်တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ဦးအောင်ကျော်နှင့် ဦးကိုကိုသိန်းတို့မှာ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်။

**သတင်း -မြင့်မောင်စိုး၊ အောင်ကျော်ဦး၊ ဓာတ်ပုံ- သတ္တ**

❒

# ကျောင်းသား ကျောင်းသူများ ကြို/ပို့အတွက် သုံးဘီးဆိုင်ကယ်ပေးအပ်

**မောင်တော ဇွန် ၂၉**

မောင်တောမြို့နယ် ရေမျက်တောင်ကျေးရွာအုပ်စုမှ ငါးခူရ အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများ သွားလာမှု အဆင်ပြေစေရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက လှူဒါန်းသောသုံးဘီးဆိုင်ကယ် တစ်စီးပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ်က သုံးဘီးဆိုင်ကယ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တာဝန်ရှိသူများထံပေးအပ်ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ငါးခူရကျေးရွာသည် ၂၀၁၆ ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သောဒေသတစ်ခုဖြစ်သော်လည်း ယခုအခါ ကျောင်းသား ကျောင်းသူများ တည်ငြိမ်အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး၊ ဓာတ်ပုံ- သတ္တ**



# ဒေသခံပြည်သူနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဆန်၊ ဆီထောက်ပံ့

**မောင်တော ဇွန် ၂၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မောင်တောမြောက်ပိုင်း ဒေသရှိ ကျေးရွာများသို့ သွားရောက်ကာ ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ပဲနှင့် ငါးသေတ္တာဘူးများထောက်ပံ့ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မောင်တောခရိုင် မြောက်ပိုင်းဒေသရှိ ဖားဝပ်ချောင်း၊ လောင်းဒုံ၊ ကြိမ်ချောင်း၊ တရိန်း၊ သာယာကုန်းနှင့် တောင်ပြိုလက်ဝဲမြို့များသို့ သွားရောက်ကာ ဒေသခံပြည်သူများအား အားပေးစကားပြောကြားသည်။

အလားတူ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ရဲမှူးချုပ်သူရစန်းလွင်တို့ကလည်း ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အားပေးစကားများ အသီးသီးပြောကြားကြသည်။

ကျေးရွာအလိုက် ဒေသခံပြည်သူများကလည်း ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရေးအတွက် ဖြည့်ဆည်းပေးရန်ကိစ္စများနှင့်စပ်လျဉ်း၍တင်ပြကြရာ ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ခရီးစဉ်အတွင်း ဖားဝပ်ချောင်းကျေးရွာမှ အိမ်ထောင်စု ၁၀၀၊ လောင်းဒုံမှ အိမ်ထောင်စု ၁၂၉ စု၊ ကြိမ်ချောင်းမှ အိမ်ထောင်စု ၅၀၊ ရန်အောင်မြင်မှ အိမ်ထောင်စု ၈၀၊ တရိန်းကျေးရွာမှ အိမ်ထောင်စု ၈၇ စု၊ သာယာကုန်းကျေးရွာမှ ၄၃ စု၊ သဘော်လှကျေးရွာမှ အိမ်ထောင်စု ၈၂ စု နှင့်တောင်ပြိုမှ အိမ်ထောင်စု ၁၀၈ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲ လေးဘူး၊ ငါးသေတ္တာ သုံးဘူးနှုန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇွန် ၂၇ ရက်ကလည်း မောင်တောတောင်ပိုင်းရှိ အင်းဒင်၊ ကျောက်ပန္နူနှင့် ရွှေရင်အေးကျေးရွာများသို့လည်း အလားတူ ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး**

**★ ကုလားတန်မြစ်မှ**

အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ လွှဲပြောင်းပေးအပ်ခဲ့သော ရေယာဉ်များသည် ဆိပ်ကမ်းတွင်ချက်ချင်းအသုံးပြုနိုင်သည့်အပြင် ပြည်တွင်းရေကြောင်းဆိပ်ကမ်းဖြစ်သော ပလက်ဝတစ်လျှောက် ကုန်ပစ္စည်းနှင့် ခရီးသည်များ သယ်ယူပို့ဆောင်ရန် အဆင်သင့်ရှိနေကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ကုလားတန်မြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း သက်သက်သာမဟုတ်ဘဲ နိုင်ငံဖွံ့ဖြိုးမှုလမ်းကြောင်းဖြစ်သည့်အပြင် ကုန်သွယ်မှု၊ သယ်ယူပို့ဆောင်မှု၊ အလုပ်အကိုင်ရရှိမှု စသည့်တို့ကို ဖြစ်ပေါ်စေသည့် စီးပွားရေးအလားအလာကောင်းများ ဖြစ်ပေါ်လာပါက ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကဏ္ဍတွင် အရေးကြီးသည့် အခန်းကဏ္ဍအဖြစ် ပါဝင်သွားနိုင်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

အဆိုပါ ရေယာဉ်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Shri Misri က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထံသို့ ကုလားတန်ရေယာဉ် ခြောက်စင်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၀၁)

တိုက်တာဆင့်ဆင့်
မိုးထိမြင့်လည်း
ပန်းနှင့်သစ်ပင်
မတွေ့မြင်က
ဝန်းကျင်ခြောက်ခန်း
စိတ်ပင်ပန်း၏။

# နိုင်ငံတကာအဆင့်မီ ကျောက်ကပ်အစားထိုးလုပ်ငန်းကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီ

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၌ ကျောက်ကပ်အစားထိုး ခွဲစိတ်ခြင်းလုပ်ငန်းကို ၂၀၁၅ခုနှစ်မှ စတင်၍ လစဉ်လူနာနှစ်တွဲနှုန်းဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယခုနှစ် မေလကုန်တွင် ကျောက်ကပ်ဝေဒနာရှင်နှင့် အလှူရှင် ၃၃ တွဲအား အောင်မြင်စွာ ခွဲစိတ်အစားထိုး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိခဲ့ရသည်။

အဆိုပါ ကျောက်ကပ်အစားထိုးလုပ်ငန်းနှင့်ပတ်သက်၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးမင်းသူနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ဆရာ့အနေနဲ့ ဒီဆေးရုံကြီးမှာ ကျောက်ကပ်အစားထိုး လုပ်ငန်းဆောင်ရွက်ခဲ့ပုံတွေကို ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ကျွန်တော်က ဒီဆေးရုံကြီးရဲ့ ဆီးနှင့်ကျောက်ကပ်ဌာနကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ စတင်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့ ရည်မှန်းချက်က ကျောက်ကပ်အစားထိုး လုပ်ငန်းကို ပုံမှန်လုပ်ဆောင်သွားဖို့က အဓိကပါ။ ကျွန်တော် မရောက်ခင် ဒီဆေးရုံကြီးမှာ ကျောက်ကပ်အစားထိုး လုပ်ငန်းကို ၂၀၀၁ ခုနှစ်ကနေ ၂၀၀၂ ခုနှစ်အထိ ဆက်တိုက်လုပ်ဆောင်ခဲ့ပေမယ့် နောက်ပိုင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ဆက်ပြီးမလုပ်ဆောင်နိုင်ခဲ့ဘူး။ ဒါကြောင့် ကျွန်တော်စရောက်တဲ့အချိန်မှာ ဆေးရုံအုပ်ကြီးနဲ့ ဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့တိုင်ပင်ပြီး ကျောက်ကပ် အစားထိုးလုပ်ငန်းကို လုပ်ဆောင်ဖို့ စတင်ပြင်ဆင်ခဲ့ပါတယ်။

ဒီလုပ်ငန်းကိုလုပ်ဖို့ ကျွန်တော်တို့ဌာနတစ်ခုတည်းနဲ့ မပြီးပါဘူး။ ဒီမှာရှိတဲ့ဌာနအားလုံး ပူးပေါင်းပါဝင်ပြီး ဆွေးနွေးမှုတွေ အကြိမ်ကြိမ်လုပ်ဆောင်ခဲ့ရတယ်။ နောက်ပြီး ခွဲစိတ်မှုတွေနဲ့ပတ်သက်လို့ အဆင်ပြေစေဖို့ အားလပ်တဲ့အချိန်တိုင်း ခွဲစိတ်မှုတွေ အကြိမ်ကြိမ်လေ့ကျင့်ခဲ့ရတယ်။ လိုအပ်တဲ့ပြင်ဆင်မှုတွေ ပြည့်စုံသွားတဲ့အချိန် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှာ ပထမဆုံး အကြိမ်အဖြစ် ကျောက်ကပ်အစားထိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့တယ်။ ဒီနေ့အထိဆိုရင် ၃၃ တွဲ ခွဲစိတ်ကုသမှု အောင်မြင်ခဲ့ပါတယ်။

လူနာရောအလှူရှင်တွေပါ ကျန်းမာစွာရှိနေပါတယ်။ ဒီလုပ်ငန်းကို ပုံမှန်ဖြစ်အောင်လစဉ်နှစ်တွဲနှုန်းနဲ့ အစားထိုး ခွဲစိတ်မှုတွေကို လုပ်ဆောင်နေပါတယ်။ ဒီလုပ်ငန်းက ပထမပိုင်းမှာ အခက်အခဲတွေရှိခဲ့ပေမယ့် ဒါတွေကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့တဲ့အတွက် အခုဆိုသာမန်ခွဲစိတ်မှု တစ်ခုလိုပဲ လုပ်ဆောင်နိုင်ခဲ့ပါပြီ။ ဒ့ါအပြင် ပထမဆုံး အကြိမ် ကလေးကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု လုပ်ငန်းကိုလည်း ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ စင်ကာပူ ပညာရှင်အဖွဲ့နဲ့အတူ ခုတင်(၃၀၀) ကလေးဆေးရုံမှ အထူးကုအဖွဲ့တွေနဲ့ပူးပေါင်းပြီး ကျောက်ကပ်ဝေဒနာရှင်နဲ့ အလှူရှင် လေးတွဲကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့တယ်။ နောက်ပြီး ကျောက်ကပ်အစားထိုးလုပ်ငန်းကို အခုလုပ်နေတဲ့ တစ်လကိုတစ်ကြိမ်ကနေ နှစ်ကြိမ်တိုးပြီး လုပ်ဆောင်ဖို့ ကြိုးစားနေပါတယ်။

**မေး။ ကျောက်ကပ်အစားထိုး လုပ်ငန်းနဲ့ပတ်သက်ပြီး ထူးခြားတဲ့ ကုသမှုတွေရှိရင် ပြောပြပေးပါဆရာ။**

ဖြေ။ ဒီလုပ်ငန်းအတွက် ထူးခြားချက်တွေ ကြိုးစားထားမှုတွေရှိပါတယ်။ ပထမထူးခြားချက်ကတော့ ဆေးရုံအုပ်ကြီး ဦးဆောင်မှုနဲ့ ကျွန်တော်တို့ ခွဲစိတ်ခန်းမှာ မြန်မာနိုင်ငံမှာ ပထမဆုံး ကျောက်ကပ်အစားထိုးသီးသန့် ခွဲစိတ်ခန်းနှစ်ခန်းကိုထားရှိပြီး လုပ်ဆောင်နိုင်ခဲ့တယ်။ ဒီသီးသန့်ခန်းမှာပဲ ကလေးကျောက်ကပ်အစားထိုးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။

ဒုတိယ ထူးခြားချက်တစ်ခုကတော့ ကျောက်ကပ် အလှူရှင်တွေဆီက ကျောက်ကပ်ထုတ်ယူတဲ့ နည်းပညာရပ်ပါပဲ။ အရင်က အလှူရှင်တွေဆီက ကျောက်ကပ်ထုတ်ယူတဲ့အခါ အရေပြားကို ရှစ်လက်မအရှည်ခွဲပြီး ထုတ်ယူခဲ့ကြရတယ်။

ဒီနှစ် ဖေဖော်ဝါရီလကစပြီး သုံးလက်မအရွယ် အပေါက်ဖောက်ပြီး ထုတ်ယူတဲ့နည်းပညာကို ပထမဆုံး အသုံးပြုပြီး အလှူရှင်ဆီကနေ ကျောက်ကပ်ကို ထုတ်ယူနိုင်ခဲ့ပါတယ်။

ဒီနည်းက ကမ္ဘာကိုရင်ပေါင်တန်းနိုင်တဲ့ နည်းပါပဲ။ လှူတဲ့အလှူရှင်အတွက် အတော်လေးသက်သာစေပါတယ်။ ခွဲစိတ်ပြီးရင်လည်း နာကျင်မှုက မပြောပလောက်ဘူး။ ဆေးရုံကနေ လေးရက်လောက်နဲ့ အမြန်ဆုံးဆင်းနိုင်ပြီး လုပ်ငန်းခွင်ကို ပြန်ဝင်နိုင်ပါတယ်။ လှူတဲ့သူတွေပိုပြီး လှူချင်လာအောင် ဆောင်ရွက်ပေးတာပါ။

**မေး။ ကျောက်ကပ်အစားထိုးလုပ်ငန်းမှာ ကုန်ကျစရိတ်နဲ့ ခွဲစိတ်ပြီးသွားတဲ့ လူနာနဲ့အလှူရှင်တို့ရဲ့ တုံ့ပြန်မှုကိုလည်း ရှင်းပြပေးပါဦးဆရာ။**

ဖြေ။ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု လုပ်ငန်းတစ်ခုလုံးအတွက် လူနာတစ်ဦးကို ငွေကျပ်သိန်း ၆၀ လောက်ကုန်ပါတယ်။ ဒါတွေအားလုံးကို နိုင်ငံတော်က ထောက်ပံ့ပေးပါတယ်။ မခွဲခင်ကြိုတင်ပြင်ဆင်မှုအပိုင်းတွေဖြစ်တဲ့ တစ်သျှူးနမူနာယူတာတွေ၊ သွေးစစ်တာတွေ အတွက်တော့ လူနာက ကျခံရမှာပါ။ ကျွန်တော်တို့က ခွဲစိတ်ကုသမှုအောင်မြင်သွားပြီးရင်လည်း အလှူရှင်ရော လူနာကိုပါပစ်မထားပါဘူး။ အလှူရှင်တွေကို သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်နဲ့ တစ်နှစ်တစ်ကြိမ်စစ်ဆေးပေးသွားမှာပါ။

အလှူခံတဲ့ သူကလည်း သူ့ခန္ဓာကိုယ်ထဲမှာ အခြားတစ်ယောက်ရဲ့ ကျောက်ကပ်ရှိနေတဲ့အတွက် တုံ့ပြန်မှုမရှိအောင် ဆေးသောက်ရမှာဖြစ်လို့ ရာသက်ပန်စောင့်ရှောက်ပေးသွားရမှာဖြစ်ပါတယ်။ ကုသမှုအောင်မြင်သွားသူတွေရဲ့ တုံ့ပြန်မှုစကားကိုတော့ ပြီးခဲ့တဲ့ မေလက ကျင်းပခဲ့တဲ့ ကမ္ဘာ့ကျောက်ကပ်နေ့ အခမ်းအနားမှာ ဒီလူတွေ အားလုံးလာကြပြီး သူတို့ရဲ့ အတွေ့အကြုံတွေကို ပြောကြတယ်။ စုပေါင်းဓာတ်ပုံရိုက်ကြပြီး လူတစ်ဦးကဆိုရင် သူဟာဘဝနှစ်ခုနဲ့ ရှင်သန်နေတဲ့လူသားပါလို့ ကျေနပ်စွာနဲ့ ပြောသွားခဲ့ပါတယ်။

**မေး။ ကျောက်ကပ်ဝေဒနာရှင်တွေနဲ့ပတ်သက်ပြီး တိုးချဲ့ကုသနိုင်မယ့် အခြေအနေတွေရှိရင်လည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ လက်ရှိကျွန်တော်တို့လုပ်နေတဲ့ ကျောက်ကပ်အစားထိုးလုပ်ငန်းက ဆွေမျိုးသားချင်းဆီကပဲ ကျောက်ကပ်အလှူခံပြီး အစားထိုးကုသပေးနိုင်တာပါ။ ဆွေမျိုးဆိုတော့ တစ်သျှူးတူမယ်၊ သွေးတူမယ်ပေ့ါ။ အခုဒီလုပ်ငန်းနဲ့ပတ်သက်ပြီး တိုးချဲ့လုပ်ဆောင်နိုင်ဖို့ ရန်ကုန်မှာ ဓာတ်ခွဲခန်းတစ်ခုကိုထူထောင်နေတယ်။ ဒီနှစ်မကုန်ခင်ပြီးစီးမယ်လို့ ထင်ပါတယ်။ ဒီဓာတ်ခွဲခန်းအောင်မြင်သွားရင် တချို့ဆွေမျိုးသားချင်းလှူမယ့်သူမရှိတဲ့ ကျောက်ကပ်လူနာတွေအတွက် အကြောင်းတစ်ခုခုကြောင့် ရုတ်တရက်သေဆုံးသွားတဲ့ လူနာတွေဆီကနေ ကျောက်ကပ်ကိုအလှူခံထုတ်ယူပြီး အစားထိုးကုသပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် မခွဲခင်ကြိုတင်ပြင်ဆင်ရမယ့် လုပ်ငန်းတွေအတွက် ကုန်ကျစရိတ်ကလည်း သက်သာသွားမှာပါ။

**မေး။ ဆရာတို့ဌာနရဲ့ ပြည်သူတွေအတွက် နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ အခြေအနေတွေကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ကျွန်တော်တို့ဌာနမှာ လူနာတွေအတွက် နေ့စဉ်ပုံမှန်ခွဲစိတ်ပေးနေတဲ့ အခန်းလေးခန်းရှိပါတယ်။ သီးသန့်ခန်းနဲ့ပေါင်းရင် ခြောက်ခန်းပါ။ အဲဒီပုံမှန်အခန်းလေးခန်းမှာ တနင်္လာနေ့ကနေ သောကြာနေ့အထိ ပုံမှန်ခွဲစိတ်မှုတွေ ပြုလုပ်ပေးနေတယ်။ ၂၀၁၆ ခုနှစ်မှာ အကြီးစား၊ အသေးစားခွဲစိတ်မှုပေါင်း ၃၅၀၀ အထိရှိခဲ့ပါတယ်။ ဌာနမှာလူနာအယောက် ၇၀ ပဲတင်လို့ရပေမယ့် အမြဲတမ်းက ၁၀၀ ကျော်ပါတယ်။ ဆေးရုံကြီးကို အားကိုးပြီးရောက်လာတဲ့ လူနာတွေ အကြာကြီးစောင့်စရာမလိုအောင် လျင်လျင်မြန်မြန်နဲ့ ကြိုးစားပြီး ခွဲစိတ်ပေးနေပါတယ်။ နောက်တစ်ချက်က သင်ကြားရေးအပိုင်းမှာလည်း ဘွဲ့ကြို ဘွဲ့လွန်ကျောင်းသား ကျောင်းသူတွေကို သင်ကြားပေးနေပါတယ်။ သုတေသနလုပ်ငန်းတွေကိုလည်း အားလုံး တက်ညီလက်ညီ လုပ်ဆောင်နေကြပါတယ်။ နိုင်ငံတကာ အဆင့်မီကုသနိုင်အောင် ဒီဆေးရုံမှာရှိတဲ့ ဌာနတွေအားလုံး စည်းစည်းလုံးလုံးနဲ့ပူးပေါင်းပြီး လူနာတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးနေပါတယ်။


ဒေါက်တာဦးမင်းသူ

အခု ကျွန်တော်တို့လုပ်ဆောင်နေရတာက လူ ၁၀ ယောက်လောက်လုပ်ရမယ့် အလုပ်တွေကို တစ်ယောက်တည်းနဲ့ လုပ်နေရသလိုဖြစ်နေပေမယ့် ကြိုးစားပြီးလုပ်ပေးနေတယ်ဆိုတာကို သိစေချင်ပါတယ်။ အရင်တုန်းက ကျောက်ကပ်ထဲမှာ တည်နေတဲ့ကျောက်ကို ခွဲစိတ်ပြီး ထုတ်ခဲ့ရပေမယ့် ဒီနေ့အချိန်မှာတော့ တစ်စင်တီမီတာ အပေါက်လေးဖောက်ပြီး ကျောက်ကိုထုတ်ယူလို့ရနေပါပြီ။ တန်ဖိုးကြီးတဲ့ကျောက်ချေစက်တွေလည်း နှစ်လုံးတောင် ရှိပါတယ်။

**မေး။ ကျောက်ကပ်ဝေဒနာရှင်တွေကို အကြံပြုပြောချင်တဲ့ စကားများရှိရင် ပြောပေးပါ ဆရာ။**

ဖြေ။ မြန်မာနိုင်ငံမှာတစ်နှစ်ကို ကျောက်ကပ်လူနာ ၁၀၀၀၀ ကနေ ၁၅၀၀၀ အထိရှိနေပါတယ်။ ကျောက်ကပ်ပျက်စီးနေတဲ့ လူနာတွေအနေနဲ့ အရင်ဆုံးကာကွယ်ခြင်းက ကုသခြင်းထက် ပိုမိုကောင်းမွန်ပါတယ်။ ရောဂါမဖြစ်အောင် ကာကွယ်နေထိုင်ကြပါ။ ရောဂါဖြစ်လာပြီဆိုရင်လည်း အချိန်မီကုသရင်ပျောက်ကင်းနိုင်ပါတယ်။ အချိန်မီ ကုသခွင့်မရခဲ့လို့ ကျောက်ကပ်ပျက်စီးတဲ့အဆင့်ကို ရောက်နေရင်လည်း လမ်းမဆုံးသေးပါဘူး။

ကျောက်ကပ်အစားထိုးပြီးတော့ သက်တမ်းစေ့နေထိုင်နိုင်အောင် ကုသပေးနေပါတယ်။ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုအတွက် ကုန်ကျစရိတ်က ကြီးမားသယောင်ရှိပေမယ့် ကျောက်ကပ်ကိုတောက်လျှောက် တစ်သက်လုံးဆေးနေရမှာနဲ့နှိုင်းယှဉ်ရင် အများကြီး သက်သာတဲ့အပြင် စက်ပေါ်မှာဆေးနေရင်းနဲ့ မမှန်တာရှိပြီး ခန္ဓာကိုယ် အစိတ်အပိုင်းတွေ တဖြည်းဖြည်း ယိုယွင်းပျက်စီးလာရင် သက်တမ်းစေ့နေရမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဆေးရုံကြီးကို အားကိုးယုံကြည်စွာ လာရောက်ကုသနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းက အခြားနိုင်ငံတွေထက် မသာရင်တောင် မလျော့ပါဘူးလို့ ပြောချင်ပါတယ်။ ဒါကြောင့် ကျောက်ကပ်ပျက်စီးနေတဲ့ဝေဒနာရှင်တွေအတွက် အဓိကထွက်ပေါက်က ကျောက်ကပ် အစားထိုးခြင်းပါပဲလို့ စကားလက်ဆောင်ပါးချင်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



### ❐ ကြီးအုံကြီးဝရေလှောင်တမံမှ

အဆိုပါရေလှောင်တမံဧရိယာသည် စေတုတ္တရာမြို့နယ် နယ်နိမိတ်အတွင်း အများဆုံးကျရောက်နေပြီး တမံမှ စေတုတ္တရာမြို့ တောင်ဘက်အထိ ရေမိုင် ၁၄ မိုင် ရှည်လျားသည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ရက်ပိုင်း ကိုမန်မုန်တိုင်း၏ နောက်ဆက်တွဲအဖြစ် မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ရေပိုလွှဲ၏ သတ်မှတ်ရေထုသည် စီးနှုန်းထက်ကျော်လွန်ခဲ့ပြီး ပင်မရေပိုလွှဲ၏ အောက်ဘက်တွင် ရေတိုက်စားမှုကြောင့် ပျက်စီးမှုများကိုလည်း ကာကွယ်ပြင်ဆင်ထားရှိပြီးဖြစ်သည်ကို တွေ့ရှိရသည်။

ကြီးအုံကြီးဝရေလှောင်တမံ၏ အထက်ဘက်တွင်ရှိသော မုန်းချောင်းရေလှောင်တမံတွင် ရေပြည့်အမှတ်သို့ ရောက်ရှိရန် ခြောက်ပေအလိုတွင် တည်ရှိနေပြီး မုန်းချောင်းရေလှောင်တမံရေပိုလွှဲမှ ရေကျော်ခြင်းမရှိသော်လည်း ယခုနှစ် ဒေသအတွင်း မိုးဦးကောင်းခဲ့သဖြင့် ဆီမီးချောင်းနှင့် ကြီးချောင်းတို့မှ ဝင်လာသော ရေများကြောင့် ဇွန် ၂၃ ရက်မှ စတင်ကာ ကန်ရေပြည့်ခဲ့ပြီး ရေကျော်ခဲ့ခြင်းဖြစ်သည်။

ကြီးအုံကြီးဝရေလှောင်တမံ၏ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဇွန် ၂၉ ရက်အထိ မိုးရေချိန်/မိုးရွာရက်နှင့် ရေသိုလှောင်မှုတို့ကို နှိုင်းယှဉ်ကြည့်လျှင်-

| ခုနှစ် | မိုးရေချိန်(လက်မ) | မိုးရွာရက် | ရေအမှတ် | ရေလှောင်ပမာဏ |
|---|---|---|---|---|
| ၂၀၁၅ | ၁၂. ၄၄ လက်မ | ၁၈ ရက် | ၃၃၈. ၀ ပေ | ၃၁၁၇၀၅ ဧကပေ |
| ၂၀၁၆ | ၁၂. ၅၂ လက်မ | ၁၉ ရက် | ၃၃၅. ၃ ပေ | ၂၈၅၅၄၀ ဧကပေ |
| ၂၀၁၇ | ၁၇. ၀၈ လက်မ | ၂၀ ရက် | ၃၄၂. ၆ ပေ | ၃၂၇၁၄၀ ဧကပေ |

ကြီးအုံကြီးဝ ရေလှောင်တမံတွင် နွေစပါး၊ မိုးစပါး၊ စိုက်ပျိုးနိုင်ရန် ကန်ရေပြည့် ရေသိုလှောင်ထားရှိနိုင်ပြီး တမံကြံ့ခိုင်ကောင်းမွန်မှုကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ အကူရေပိုလွှဲကိုလည်း တိုးချဲ့ ဆောင်ရွက်လျက်ရှိရာ ပင်မရေပိုလွှဲအား ရေတိုက်စားမှုမဖြစ်စေရန် ကာကွယ်ဆောင်ရွက်ထားရှိပြီး ရေပိုလွှဲများမှ ရေလွှဲ ရေကျော်နေခြင်းသာဖြစ်၍ ဒေသခံပြည်သူများ စိုးရိမ်စရာမလိုဘဲ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်နိုင်ပါကြောင်း လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ဆိုနာစနစ်ဖြင့်ရှာဖွေမှုများအပေါ်မူတည်၍ ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်စဉ် ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံဆယ်ယူရရှိ

**နေပြည်တော် ဇွန် ၂၉**

ပျက်ကျခဲ့သော Y-8 လေယာဉ်၏ ကျန်ရှိသောစိတ်အပိုင်းများဆယ်ယူရရှိရေးအတွက် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ ကျွမ်းကျင်ရေငုပ်စစ်သည်များ၊ ဒေသခံငါးဖမ်းစက်လှေများပူးပေါင်း၍ လေယာဉ်အမြီးပိုင်းတွေ့ရှိသည့်နေရာအနီးတစ်ဝိုက်၌ ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိရာ တပ်မတော်(ရေ)မှ ဆိုနာစနစ်ဖြင့် ရှာဖွေတွေ့ရှိသောနေရာများသို့ ဒေသခံငါးဖမ်းစက်လှေများက သွားရောက်ရှာဖွေရာ ယနေ့ညနေပိုင်းတွင် လေယာဉ်ကိုယ်ထည်အလူမီနီယံအစိတ်အပိုင်းများကို ထပ်မံဆယ်ယူရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



❂ **KBZ မှ**

အဖွင့်ပွဲတွင် အနိုင်ရထားသည့် အိမ်ရှင် မြန်မာ ယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်းသည် ယခုပွဲတွင် အနိုင်ရခဲ့ပါက ချန်ပီယံဆုအတွက် နောက်ဆုံးပွဲက အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။ ဇွန် ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပထမပွဲတွင် မြန်မာ ယူ-၂၂ အသင်းက ကမ္ဘောဒီးယား ယူ-၂၂ အသင်းကို လေးဂိုး-တစ်ဂိုး၊ ဂျပန်တက္ကသိုလ်အသင်းက ဟောင်ကောင် ယူ-၂၂ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာယူ-၂၂ အသင်းသည် ပထမပွဲတွင် အကောင်းဆုံးခြေစွမ်းမဟုတ်သော်လည်း MNL All-Star အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲထက် ပိုကောင်းသည့် ခြေစွမ်းကို ပြသနိုင်ခဲ့ပြီး လေးဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်အတွက်လည်း ကျေနပ်စရာဖြစ်ခဲ့သည်။ မြန်မာအသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘောဒီးယားအသင်း၏ ခြေစွမ်းမှာ သာမန်သာရှိခဲ့ပြီး ယနေ့ကစားရမည့် ဟောင်ကောင်အသင်းသည် ခြေစွမ်းပိုင်းပိုမိုမြင့်မားနေရာ နိုင်ပွဲရယူနိုင်ရန် ပိုမိုအားထုတ်ရဖွယ်ရှိနေသည်။ မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ပွဲထွက်လူစာရင်းတည်ငြိမ်မှုမရှိသေးဘဲ ယခုပွဲတွင်လည်း အပြောင်းအလဲအချို့ပြုလုပ်ဖွယ်ရှိနေသည်။ အထူးသဖြင့် ကွင်းလယ်ခံစစ်နေရာတွင် နှစ်ပွဲကစားအပြီး၌ လူစာရင်းနှစ်မျိုးသုံးခဲ့ပြီး တိုက်စစ်တွင်လည်း သန်းပိုင်ပုံမှန်ခြေစွမ်းမရသေးသောကြောင့် အောင်သူနှင့် တွဲဖက်ကစားနိုင်မည့် တိုက်စစ်မှူး တစ်ဦးလိုအပ်နေသည်။ ဟောင်ကောင်အသင်းမှာမူ အဖွင့်ပွဲတွင် ရှုံးနိမ့်ထားသောကြောင့် ယခုပွဲတွင် ရုန်းကန်ရဖွယ်ရှိနေပြီး ဟောင်ကောင်လက်ရွေးစင်အသင်းနည်းပြချုပ် ကင်ပန်ဂွန် ကိုင်တွယ်နေသောကြောင့် မြန်မာအသင်း၏ အားနည်းချက်၊ အားသာချက်ကို သိရှိနိုင်ဖွယ်ရှိနေသည်။ ဂျပန်တက္ကသိုလ်အသင်းသည် ယခုလာရောက်ယှဉ်ပြိုင်သည့်အသင်းများအနက် ခြေစွမ်းပိုင်းအကောင်းဆုံးအသင်းဖြစ်သည်။ မြန်မာအသင်းနှင့် နောက်ဆုံးပွဲတွင် ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်လာနိုင်ပြီး အိမ်ရှင်အသင်းအနေဖြင့် ပိုမိုရုန်းကန်ရဖွယ်ရှိနေသည်။မြန်မာ ယူ-၂၂ အသင်းသည် ယခုပြိုင်ပွဲယှဉ်ပြိုင်ရန် ကစားသမား ၂၃ ဦးရွေးချယ်ထားသော်လည်း မူလလူစာရင်းမှ ကွင်းလယ်ကစားသမား ဇင်ဖြိုးအောင်မှာ ဒူးဒဏ်ရာရရှိနေသောကြောင့် တိုက်စစ်မှူး အောင်ကောင်းမာန်ကို အစားထိုးရွေးချယ်ခဲ့ကြောင်း သိရသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ပထမဆုံးယှဉ်ပြိုင်ကစားသည့် နိုင်ငံတကာပြိုင်ပွဲဖြစ်ပြီး ခြေစမ်းပွဲတစ်ပွဲ၊ နိုင်ငံတကာပွဲ တစ်ပွဲ စုစုပေါင်းနှစ်ပွဲကစားထားရာတွင် နှစ်ပွဲစလုံး အနိုင်ရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ဓာတ်ပုံ-စိုးညွန့်**

## ယူ-၁၅ ဘောလုံးပြိုင်ပွဲ ကွာတားပွဲများ ကျင်းပပြီးစီး

**ရန်ကုန် ဇွန် ၂၉**

MFF 100 Plus Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၅ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မြက်ခင်းတုကွင်း၌ကျင်းပရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

ကွာတားဖိုင်နယ်ဒုတိယနေ့တွင် မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့ပြီး ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည့် မွန်နှင့် ကရင်ပြည်နယ်အသင်းတို့ ပြိုင်ပွဲတစ်လျှောက် အုပ်စုပွဲများတွင် ရှုံးပွဲမရှိ ကစားနိုင်ခဲ့သည်။ ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့ တွေ့ဆုံနေပြီး ဇူလိုင် ၁ ရက် ညနေပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(ရဲရင့်ရှိန်း)**

# ရွှေဘိုခရိုင်၌ မိုးစပါးရွှေဘိုပေါ်ဆန်းကို SRI စနစ်ဖြင့် ဇူလိုင်လလယ်၌ စတင်စိုက်ပျိုးမည်

**ရွှေဘို ဇွန် ၂၉**

ရွှေဘိုခရိုင်အတွင်းရှိ မိုးစပါးရွှေဘိုပေါ်ဆန်းစိုက်ပျိုးကြမည့် ဒေသခံတောင်သူများ စပါးအထွက်တိုးအောင်မြင်အဆင်ပြေစေရန် မိုးစပါး (SRI) စံပြစိုက်ပျိုးရေးစနစ်ကို ဇူလိုင်လလယ်၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါးရွှေဘိုပေါ်ဆန်းစိုက်ပျိုးရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် United Nilar Agribusiness ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ ဘိုင်အိုပစ္စည်းများသုံးစွဲကာ System Of Rice Intensification (SRI) စနစ်ဖြင့် ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်ဖြစ်သော ရွှေဘိုမြို့နယ်၌ ဧက ၂၀၊ ဒီပဲယင်းမြို့နယ်၌ ၁၀ ဧက၊ ရေဦးမြို့နယ်၌ ၁၀ ဧကနှင့် ဝက်လက်မြို့နယ်၌ ၁၀ ဧကကို တောင်သူများနှင့် ပူးပေါင်းကာ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်သည်။ United Nilar Agribusiness ကုမ္ပဏီလီမိတက်မှ ဒေသခံတောင်သူဦးကြီးများ၏ စိုက်ခင်းများအတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းအကုန်အကျခံကာ ဘိုင်အိုပိုးသတ်ဆေးများကို အခမဲ့ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး တောင်သူဦးကြီးများအနေဖြင့် လုပ်အားသာ စိုက်ထုတ်ရမည်ဖြစ်ကြောင်း သိရသည်။

ပုံမှန်အားဖြင့် စပါးတစ်ပင်စိုက်ပျိုးလျှင် ၁၀ ပင်အနှံပွားနိုင်ပြီး ပုံမှန်စိုက်ပျိုးလျှင် ခုနစ်ပင်သာ အနှံထွက်နိုင်ကြောင်းနှင့် အနောက်ဥရောပတစ်ခွင်တွင် စိုက်ပျိုးအသုံးပြုနေသော SRI စနစ်ဖြင့် စိုက်ပျိုးလျှင် ကိုးပင်အထိ အပင်ပွားအနှံထွက်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ ရွှေဘိုပေါ်ဆန်းမှာ အရည်အသွေးမြင့်တက်လျက်ရှိပြီး လူကြိုက်များလျက်ရှိသောကြောင့် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအတွက် စိုက်ပျိုးနည်းပညာအား ကြီးကြပ်ကူညီပံ့ပိုးပို့ချပေးနေခြင်းဖြစ်ကာ United Nilar Agribusiness ကုမ္ပဏီလီမိတက်မှလည်း စိုက်ပျိုးရေးပညာရှင်များအား ထားရှိပြီး မိုးစပါးစိုက်ပျိုးနည်းပညာရပ်များကို တောင်သူများအတွက် ဆွေးနွေးဟောပြောပေးလျက်ရှိကြောင်း သိရသည်။

မိုးစပါး (SRI) စံပြစိုက်ပျိုးရေးစနစ်ကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စိုက်ပျိုးနိုင်ရန်စီစဉ်ထားကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း စပါးစိုက်ဧက သုံးသိန်းကျော်ရှိကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

ကမ္ဘာထဲတွင် အသက်ရှင်
သက်ရှိသက်မဲ့ ပတ်ဝန်းကျင်
မိသားစုတွင် စိတ်မှာထား
ထိန်းသိမ်းကြစို့ တို့ကြိုးစား

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မင်းတပ်မြို့တွင်း ကမ်းပါးများပြိုကျ

**မင်းတပ် ဇွန် ၂၉**

ချင်းပြည်နယ် မင်းတပ်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တွင်းရှိ ကမ်းပါးများပြိုကျ၍ ရေမြောင်းများပိတ်ဆို့လျက်ရှိကြောင်းသိရသည်။

မြေပြိုကျ၍ ရေမြောင်းများပိတ်ဆို့မှုကြောင့် မြို့တွင်းလမ်းများ၌ ရေပြည့်ရေလျှံမှုများမရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် လမ်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ပူးပေါင်း၍ အချိန်မီ ပြီးစီးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး မိုးရာသီအတွင်း သွားလာ ရေးအဆင်ပြေစေရန် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ တာဝန်ရှိသူ ဦးကျော်မင်း၏ပြောပြချက်အရ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အခွန်ပညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**သီပေါ ဇွန် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အခွန်ဦးစီးဌာနမှကြီးမှူး၍ အခွန်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးမှူး ဒေါ်အေးငြိမ်းက ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေဆိုင်ရာအမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၇ တို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက အခွန်နှင့်ပတ်သက်သည့် သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးမှူး ဒေါ်အေးငြိမ်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်း

**ရွှေကူ ဇွန် ၂၉**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုးစစ်-မြို့ကုန်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း (၁/၀) မိုင်၊ နောင်ရင်း-တိန်ဟွန်းကျေးရွာချင်းဆက် ကျောက်ချောလမ်း (၁/၀)မိုင် ခင်းခြင်းလုပ်ငန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုးစစ်-မြို့ကုန်း ကျေးရွာချင်းဆက်လမ်းအား မြေသားတာပေါင်မြှင့်တင်ခြင်း (၂/၀)မိုင် လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ခရိုင်ကျေးလက်ရုံးမှ ဦးစီးအရာရှိ (နည်းပညာ) ဦးယဉ်ခိုင်၊ မံစီမြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် တာဝန်ရှိသူများသည် ဇွန် ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## သောက်သုံးရေလုံလောက်စွာရရှိရေးလုပ်ဆောင်မည်

**တွန်းဇံ ဇွန် ၂၉**

ချင်းပြည်နယ် တွန်းဇံမြို့ပေါ်ရပ်ကွက်များတွင် နေထိုင်သူများ သောက်သုံးရေလုံလောက်စွာရရှိစေရေးအတွက် ဂါလန် ၅၀၀၀၀ ဆံ့ရေလှောင်ကန်များကို မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ယခုဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၄၉ သန်း အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

တွန်းဇံမြို့နယ်တွင် လက်ရှိရေဂါလန် ၅၀၀၀ မှ ၁၀၀၀၀ ဆံ့ ရေလှောင်ကန်ငါးကန်သာရှိပြီး စိမ့်စမ်းရေများကိုသိုလှောင်ကာ အသုံးပြုနေရကြောင်း၊ အသုံးပြုနေသော စိမ့်စမ်းရေကို သိုလှောင်ပြီး ရေပေးဝေနေသည့်ကန်များဖြင့် လုံလောက်စွာမပေးနိုင်ကြောင်း၊ အသစ်ထပ်မံတည်ဆောက်မည်ဆိုပါက ရေကန်ကိုလည်း စိမ့်စမ်းရေမှရေကို သိုလှောင်ကာအသုံးပြုမည်ဖြစ်ရာ စိမ့်စမ်းရေကိုလည်း ရှာဖွေထားပြီးဖြစ်ကြောင်း သိရသည်။

**(ဇိုဟေဆာ)**




ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ရွှေတောင်မြို့နယ်၌ ဇွန် ၂၄ ရက်တွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ ဖုံး သွန် လဲ စစ်ဆောင်ရွက်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို မြို့နယ်ဌာနဆိုင်ရာများ၊ ပရဟိတနာရေးကူညီမှုအသင်း၊ အမျိုးသမီးရေးရာ၊ မိခင်ကလေးနှင့် သက်ဆိုင်ရာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုပေါင်းဆောင်ရွက်ကြစဉ်။ **မြင့်နိုင်(ပြည်)**

# ရေပူနှင့်မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၀၅ စီး၊ သွင်းကုန် ၅၀၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၃၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀ သန်းခန့်)၊မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁ ဒသမ ၁၉၈၄ သန်းခန့် ) စုစုပေါင်းတားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁ ဒသမ ၁၉၈၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။





ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇွန် ၂၈ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် Nissan UD ၁၂ ဘီးယာဉ်နှင့် ခြောက်ဘီးယာဉ် နှစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးရှာဖွေစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော တရုတ်နိုင်ငံထုတ် ခေါက်ဆွဲခြောက် (800)Pkgs၊ ဘီယာ (1000)Pkgs၊ ဝိုင်ပုလင်း (800)Pkgsနှင့် သယ်ဆောင်သည့်ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၀ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ရွာသားတစ်ဦး ပျောက်ဆုံး၍ အမှုဖွင့်တိုင်ကြား

**နေပြည်တော် ဇွန် ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဂြစ်ချောင်း(မြို့ရွာ)နေ ဦးထွန်းမောင်သည် ဇွန် ၂၅ ရက် နံနက် ၉ နာရီတွင် ခရီးထွက်ခွာသွားရာမှ ပြန်လည်မရောက်ရှိဘဲ ပျောက်ဆုံးနေသဖြင့် ဇနီးဖြစ်သူ မငင်းခီး(ခ)မလှညိုက ယမန်နေ့ ညနေပိုင်းက ငါးခူရနယ်မြေစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ သံသယရှိသူ လေးဦးဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ဘာသာရေးအဆောက်အအုံအတွင်း၌ ဝတ်ပြုနေသူတစ်ဦးအား လုံ့ဖြင့်ထိုးခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ကြောင်း သံသယရှိသူ လေးဦးအား ဇွန် ၂၇ ရက်က ဖမ်းဆီးရမိခဲ့သည်။

မောင်တောမြို့နယ် လိပ်ရမြောက်ရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ဘာသာရေးအဆောက်အအုံ၌ အီနုစ်ဆိုသူအား လူတစ်စုက ချုပ်နှောင်ပြီး လှံဖြင့်ထိုးခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ လိပ်ရမြောက်ရွာနေ အန္နဝါအီစွလာမ် အပါအဝင်လေးဦးအား ဇွန် ၂၇ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မင်္ဂလာဒုံမြို့နယ်တွင် ဖြစ်ပွားခဲ့သော လေးလောင်းပြိုင်လူသတ်မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဇွန် ၂၉**

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်းအပိုင်တွင် ဖြစ်ပွားခဲ့သော လေးလောင်းပြိုင်လူသတ်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းတစ်ရပ် ထုတ်ပြန်လိုက်သည်။

သတင်းထုတ်ပြန်ချက်တွင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု ပတ္တမြားမြို့သစ် မြအေးချမ်းသာလမ်း အမှတ် (မရှိ)ကျူးကျော်နေ ဒေါ်ရီရီနွဲ့သည် ဇွန် ၂၀ ရက် နံနက် ၆ နာရီခန့်တွင် ရွှေပြည်သာမြို့နယ်မှ ပြန်လာစဉ် ခြံဝင်းတံခါးနှင့် အိမ်ရှေ့တံခါးမကြီးမှာ ပိတ်ထားသဖြင့် အိမ်နီးချင်း မခင်မာချို၊ မအိဖြူနှင့် ကိုကျော်ရွှေတို့နှင့်အတူ ခေါင်းရင်းဘက်ရှိ ပြတင်းတံခါးမှတစ်ဆင့် နေအိမ်အတွင်း ဝင်ရောက်ကြည့်ရှုရာ သားမက်ဖြစ်သူ စိုးနောင်(၃၇)နှစ်နှင့် မြေးဖြစ်သူ မောင်ဟန်သူရ (၁၃)နှစ်တို့သည် အိမ်ရှေ့ခန်း၌ လည်းကောင်း၊ သမီးဖြစ်သူ မချယ်ရီပွင့်(၃၄)နှစ်သည် မီးဖိုခန်း၌ လည်းကောင်း၊ မြေးဖြစ်သူ မောင်စွမ်းထက်မြတ်(၈)နှစ်သည် အိပ်ခန်းအတွင်းရှိ အိပ်ရာပေါ်တွင် လည်းကောင်း၊ ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့သဖြင့် ထောက်ကြန့်နယ်မြေရဲစခန်း၌ အမှုဖွင့်လှစ်ခဲ့ပြီး မှုခင်းရဲတပ်ဖွဲ့မှ စစ်ဆေးခဲ့ကြောင်း ဖော်ပြထားသည်။

သေဆုံးသူ စိုးနောင်မှာ ဧည့်ခန်းအတွင်း၌ အဝတ်အစားမပါရှိဘဲ ပက်လက်အနေအထားဖြင့် ရင်ဘတ်တွင် ဓားသွားကန့်လန့်ထိုးသွင်းဒဏ်ရာ(၄)ချက်၊ ဇနီးဖြစ်သူ မချယ်ရီပွင့်မှာ မီးဖိုချောင်ခန်းအတွင်း၌ မျက်နှာ၊ ရင်ဘတ်၊ ကျောတို့၌ ဓားထိုးသွင်းဒဏ်ရာ ၁၂ ချက်၊ သားအကြီးဖြစ်သူ မောင်ဟန်သူရမှာ ဧည့်ခန်းအတွင်း၌ ယာဘက်နံစောင်းတွင် ဓားထိုးသွင်းဒဏ်ရာ ငါးချက်နှင့် သားငယ်ဖြစ်သူ မောင်စွမ်းထက်မြတ်မှာ အိပ်ခန်းအတွင်း အိပ်ရာပေါ်၌ ဓားသွားကန့်လန့် ထိုးသွင်းဒဏ်ရာ လေးချက်တို့ဖြင့် တွေ့ရှိခဲ့ပြီး သေဆုံးသူ စိုးနောင်၏ ဝဲဘက်လက်အနီးတွင် အရိုးလေးလက်မ၊ အသွားခုနစ်လက်မရှိ သတ္တုလက်ကိုင် တပ်ဆင်ထားသော သွေးစွန်းနေသည့် သက်သေခံဓား တစ်ချောင်းကို တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း။

ထို့ပြင် သေဆုံးသူ စိုးနောင်၏ အလောင်းအနီးရှိ သွေးကွက်အတွင်း၌ ခြေရာအချို့နှင့် သေဆုံးသူ မောင်စွမ်းထက်မြတ်၏ ခုတင်ဘေးရှိ သွေးစွန်းနေသော ကြမ်းပြင်ပေါ်၌ ဖိနပ်ရာတစ်ခု၊ သွေးများ ပေကျံနေသည့် စွပ်ကျယ်တစ်ထည်နှင့် သွေးများပေကျံနေသည့် ခြင်ထောင်အား သက်သေခံ အထောက်အထားများအဖြစ် သိမ်းဆည်းရရှိခဲ့သည်။ နေအိမ်အတွင်းသို့ ပြစ်မှုကျူးလွန်သူများ ဝင်/ထွက်နိုင်သည့် လမ်းကြောင်းနှင့် ထူးခြားသည့် သဲလွန်စများ မတွေ့ရှိသော်လည်း နေအိမ်ဧည့်ခန်းအတွင်းရှိ စားပွဲပေါ်တွင် ဖြစ်စဉ်မဖြစ်ပွားမီညက သေဆုံးသူ မချယ်ရီပွင့်၏ ဖခင် ဦးခွန်နောင် ပေးထားသော ငွေစက္ကူရောရာ ကျပ် ၁၀၅၀၀၀ မှာလည်း ပုံမပျက်ရှိနေခြင်း၊ သေဆုံးသူ မချယ်ရီပွင့်မှာ စိန်နားကပ် ဝတ်ဆင်ထားခြင်းတို့ကြောင့် ပစ္စည်းတစ်စုံတစ်ရာ ရယူလိုမှုကြောင့် လူသတ်လုယက်ခံရခြင်းမဟုတ်ကြောင်း ယူဆနိုင်သည်ဟု ဖော်ပြထားသည်။



**သက်သေခံဓား**

လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့ခဲ့သည့် လေးလောင်းပြိုင်လူသတ်မှုနှင့် ပတ်သက်သည့် မသင်္ကာဖွယ်လူသုံးဦး၏ ဓာတ်ပုံမှာ တရားလိုဒေါ်ရီရီနွဲ့၏ ထွက်ဆိုချက်အရ ဖြစ်စဉ်မဖြစ်ပွားမီ တစ်ပတ်ကျော်ခန့်က မချယ်ရီပွင့်သည် နေအိမ်အတွင်း ရှိနေစဉ် အိမ်အရှေ့ဘက် ခြံစည်းရိုး၌ ဓာတ်ပုံရိုက်နေသော လူ(၃)ဦးအား မသင်္ကာသဖြင့် မချယ်ရီပွင့်မှ လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံရိုက်ယူထားခဲ့ခြင်းဖြစ်၍ ဆက်လက်စုံစမ်းဖော်ထုတ်ဆဲဖြစ်ကြောင်းနှင့် သေဆုံးသူ စိုးနောင်သည် ရွှေပြည်သာမြို့နယ် (၁၈)ရပ်ကွက် ဆိပ်ကမ်းသာလမ်းရှိ သဲ/ကျောက် အရောင်းဆိုင်ဖွင့်လှစ်ထားသူ ဦးမြင့်ကြိုင်၊ ဒေါ်တင်တင်ငြိမ်းတို့ထံမှ အုတ်/သဲ/ကျောက်များကို အကြွေးဝယ်ယူပြီး ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် ငွေကျပ် ၂၇ သိန်း အကြွေးတင်ရာ ဒေါ်တင်တင်ငြိမ်းမှ ဖုန်းဖြင့် အကြိမ်ကြိမ်တောင်းခံမှုကြောင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် စိုးနောင်မှ ငွေကျပ် ၁၀ သိန်း ပေးဆပ်ခဲ့ကြောင်း စစ်ဆေးသိရှိရသည်။

ဖြစ်စဉ် ဖြစ်ပွားသည့် အိမ်ခြံဝင်းအတွင်းနှင့် အပြင်တို့တွင် စစ်ဆေးချက်များအရ သေဆုံးသူ မိသားစုတို့ ဗေဒင်၊ ယတြာချေထားသော ပစ္စည်းများ၊ သေဆုံးသူ မချယ်ရီပွင့်၏ ခြေဖဝါးနှစ်ဖက်တွင် အကြွေးပေးရန်ရှိသူ၏ အမည်အား မင်ဖြင့်ရေးသား၍ ယတြာချေထားမှုများ၊ နေအိမ်ဗီရိုအတွင်းမှ မှော်၊ ကဝေ၊ သရဲ၊ တစ္ဆေ၊ ဝိဇ္ဇာဉ်နှင့် ဂမ္ဘီရအကြောင်းအရာပါ စာအုပ်များတွေ့ရှိသိမ်းဆည်းရရှိခဲ့သည်။ အမှုစစ် ရဲတပ်ဖွဲ့အနေဖြင့် တရားလိုနှင့် လွတ်လပ်သောသက်သေ ၁၅၆ ဦး၊ သင်္ကာမကင်းသူ ခုနစ်ဦးတို့အား အသေးစိတ်စိစစ်ခဲ့ရာ အမှုနှင့်ဆက်စပ်သည့် အခြင်းအရာများ ကျူးလွန်သည့် အချက်အလက်အထောက်အထား တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိခဲ့ကြောင်း သိရသည်။

သက်သေခံ ခြေရာများမှာ သေဆုံးသူ စိုးနောင်၏ ခြေရာများ ဖြစ်ပြီး ခုတင်ဘေးတွင် တွေ့ရှိသော ဖိနပ်ရာမှာ တရားလို ဒေါ်ရီရီနွဲ့၏ ဖိနပ်ရာဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ကာ သေဆုံးသူ မချယ်ရီပွင့်သည် တစ်ခါတစ်ရံတွင် အရက်နှင့် ဝိုင်ကိုသောက်လေ့ရှိပြီး နေအိမ်ထမင်းစားခန်းတွင် သောက်လက်စ Grand Royal ဝီစကီပုလင်း၌ အရက်လေးပုံတစ်ပုံကျန်ရှိမှုနှင့် ရေခဲသေတ္တာအတွင်း၌ ဝိုင်အသစ်နှစ်ပုလင်းတို့ တွေ့ရှိခဲ့သည်။ ဓာတုဗေဒဝန်ရုံး၏ စစ်ဆေးချက်အရ စိုးနောင်၏ အစာအိမ်အရည်တွင် အရက်ပါဝင်မှု မတွေ့ရှိရဘဲ မချယ်ရီပွင့်၏ အစာအိမ်အရည်တွင် အရက်ပါဝင်မှု ( သုည ဒသမ ၁၆)ရာခိုင်နှုန်းတွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သေဆုံးသူ စိုးနောင်အနီးမှ တွေ့ရှိခဲ့သောဓားမှာ စိုးနောင်၏ ကိုယ်ပိုင်ဓားဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီး ယင်းဓားရိုးတွင် စိုးနောင်၏ DNA စိစစ်တွေ့ရှိရခြင်း၊ ဓားသွားပေါ်ရှိ သွေးများမှာလည်း စိုးနောင်၊ မချယ်ရီပွင့်၊ မောင်ဟန်သူရနှင့် မောင်စွမ်းထက်မြတ်တို့၏ DNA များသာ တွေ့ရှိခဲ့သည်။ သက်သေခံသိမ်းဆည်းရမိထားသော စွပ်ကျယ်မှာ သေဆုံးသူ စိုးနောင်၏ စွပ်ကျယ်ဖြစ်ပြီး စွပ်ကျယ်အား ချွတ်၍ သုတ်ထားသည့် အနေအထားဟုယူဆခဲ့ရသည်။ ထို့ပြင် စွပ်ကျယ်တွင် ဓားဖြင့်ထိုးထားသော အပေါက်အရာ မရှိဘဲ ခြင်ထောင်ရှိ သွေးများနှင့် စွပ်ကျယ်တွင် ပေကျံနေသည့်သွေးများကို DNA စစ်ဆေးခဲ့ရာ သေဆုံးသူ လေးဦးတို့၏ DNA သာတွေ့ရှိရပြီး အခြားပြင်ပ DNA မတွေ့ရကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ဖော်ပြထားသည်။

သေဆုံးသူ စိုးနောင်၏ ဝဲဘက်လက်သန်းတွင် သွေးခြေဥဒဏ်ရာ တွေ့ရှိရသဖြင့် မှုခင်းဆရာဝန်မှစစ်ဆေးရာ သက်သေခံဓား၏ သတ္တုအရိုးအား တင်းကြပ်စွာကိုင်ဆောင်၍ အချက်ပေါင်းများစွာထိုးစဉ် ရရှိနိုင်သော သွေးခြေဥဒဏ်ရာဖြစ်ကြောင်းနှင့် သေဆုံးသူ စိုးနောင်မှာ ဘယ်သန်ဖြစ်ကြောင်း၊ သေဆုံးသူ တစ်ဦးချင်းစီတွင် တွေ့ရှိရသော ဓားဒဏ်ရာများမှာ သိမ်းဆည်းရမိခဲ့သည့် သက်သေခံဓားဖြင့် ထိုးသွင်းရရှိခဲ့သော ဒဏ်ရာများဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ထို့ပြင် သေဆုံးသူ စိုးနောင်၏ ကိုယ်ပေါ်တွင် တွေ့ရှိရသော ကန့်လန့်ပုံ ဓားထိုးသွင်းဒဏ်ရာလေးချက်မှာလည်း သေဆုံးသူအနေဖြင့် ပုံမှန်မဟုတ်သော စိတ်ခံစားမှုမျိုးဖြစ်ပေါ်ချိန်၌ မိမိကိုယ်ကို ထိုးသွင်းရရှိသည့် ဒဏ်ရာဖြစ်ကြောင်း မှုခင်းဆရာဝန်ကြီးမှ အတည်ပြုပြောကြားခဲ့သည့်အပြင် အလားတူ အခြားသာဓကဖြစ်စဉ် မှုခင်းများလည်းရှိကြောင်း။

သေဆုံးသူ စိုးနောင်သည် ဒဿနိကဗေဒဘွဲ့ရရှိထားသူဖြစ်ပြီး စိတ်မြန်လက်မြန် ဆောင်ရွက်တတ်သူဖြစ်ကြောင်း၊ တုတ်/ဓားလက်နက်ကိုင်ဆောင်တတ်သည့် အလေ့အထရှိကြောင်း၊ ၎င်းတို့ဇနီးမောင်နှံသည် အိမ်ထောင်မပြုမီအချိန်မှစ၍ သေဆုံးချိန်အထိ အိမ်ထောင်ရေး ပြဿနာများ၊ လူမှုရေး ပြဿနာများရှိနေခဲ့ကြောင်း၊ အခင်းမဖြစ်မီ သုံးလခန့်မှစ၍ မိသားစု စီးပွားရေး အကြပ်အတည်းများ ကြုံတွေ့နေရကြောင်း၊ ၎င်းတို့မကြာခဏ စကားများမှုရှိကြောင်း၊ ထိုအချက်များအပေါ်တွင် အကြောင်းပြု၍ စိုးနောင်သည် အအိပ်အစားပျက်မှုများ၊ စိတ်မတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ပတ်ဝန်းကျင်သက်သေများ၏ ထွက်ဆိုချက်များအရ သိရှိရသည်။

ထို့ပြင် ၎င်းတို့မိသားစု၏ အိမ်ထောင်ရေး၊ လူမှုရေးပြဿနာများအား ကောင်းစွာသိရှိသူ ရှစ်ဦးမှလည်း သက်ဆိုင်ရာတရားရုံးတွင် ကြိုတင်ထွက်ဆိုချက်များ ပြည့်စုံစွာထွက်ဆိုပေးထားပြီး ဖြစ်ကြောင်းနှင့် သက်သေ၊ ကျွမ်းကျင်သူပညာရှင်များ၊ သက်မဲ့သက်သေအထောက်အထားများမှ စစ်ဆေးပေါ်ပေါက်ချက်များအရ အမှုအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တောင်ဥက္ကလာပမြို့နယ် စာတိုက်မှတ်တိုင်အနီး YBS ခရီးသည်တင်ယာဉ်တစ်စီးမီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇွန် ၂၉**

တောင်ဥက္ကလာပမြို့နယ် ဘေလီမှ သီရိမင်္ဂလာဈေးဘက်သို့ပြေးဆွဲသော YBS ခရီးသည်တင်ယာဉ်တစ်စီးမှာ တောင်ဥက္ကလာပမြို့နယ် စာတိုက်မှတ်တိုင်အနီး၌ ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီ ၁၃ မိနစ်ခန့်က ဘေလီမှ သီရိမင်္ဂလာဈေးဘက်သို့ပြေးဆွဲသော ယာဉ်မောင်း ကိုနန်းဝင်း မောင်းနှင်လာသည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ ယာဉ်အမှတ်(2C/....)YBS (38)ယာဉ်လိုင်း စီးတီးဘတ်စ်မစ်ဆူဘီရှီ ဝါနီကျားရောင်ယာဉ်မှာ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သစ္စာလမ်းဆုံအနီး သစ္စာလမ်းမကြီးအပေါ် ဖြတ်သန်းမောင်းနှင်ခိုက် အင်ဂျင်သို့သွယ်တန်းထားသောဂက်စ်ပိုက်လိုင်းပြုတ်ပြီး အင်ဂျင်အပူနှင့်ဂက်စ်တို့ထိတွေ့ကာ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်ပွားရာနေရာသို့ တောင်ဥက္ကလာပမြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမိုးသီဟဇော်ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၂၀ တွင်မီးထိန်းနိုင်ခဲ့ပြီး နှစ်မိနစ်အကြာတွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

ယာဉ်ပေါ်လိုက်ပါလာသောခရီးသည်အချို့မှာ ယာဉ်ပေါ်မှ ထွက်ပြေးခိုက် အနည်းငယ်ပွန်းပဲ့ဒဏ်ရာရရှိခဲ့ကြောင်းသိရပြီး မီးလောင်မှုကြောင့် အင်ဂျင်အခန်းရှိ ဝါယာကြိုးအနည်းငယ်၊နောက်အတွင်းဘက်တာယာ နှစ်လုံး၊တစ်ယောက်ထိုင်ဖိုင်ဘာထိုင်ခုံ လေးခုံမှာ မီးလောင်ခံရသောကြောင့် ယာဉ်မောင်း ကိုနန်းဝင်း(၂၄)နှစ်အား တောင်ဥက္ကလာပမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(စိုးဝင်း-MLA)**



# ကွန်ဖက်ဒရေးရှင်းဖလား တတိယနေရာလုပွဲတွင် စီရိုနယ်လ်ဒို ပါဝင်မည်မဟုတ်




မေလဲ့သင်း ရေးသားသည်

ပေါ်တူဂီအသင်းခေါင်းဆောင် စီရိုနယ်လ်ဒိုမှာ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက မွေးဖွားခဲ့သည့် အမြွှာသားငယ်နှစ်ဦးကို ပြန်လည်ကြည့်ရှုမည်ဖြစ်သဖြင့် လာမည့် တနင်္ဂနွေနေ့တွင် ကစားမည့် ကွန်ဖက်ဒရေးရှင်းဖလား တတိယနေရာလုပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း အတည်ပြုလိုက်ပြီဖြစ်သည်။

စီရိုနယ်လ်ဒိုက ပေါ်တူဂီအသင်းအတွက် ဝင်ရောက်ကစားပေးနေသည့် ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲအတွင်းမှာပင် အမြွှာသားငယ်နှစ်ဦးကို မွေးဖွားခဲ့ကြောင်း သူ၏ ဖေ့ဘွတ်စာမျက်နှာပေါ်မှတစ်ဆင့် ရေးသားအတည်ပြုခဲ့ခြင်းဖြစ်သည်။

စီရိုနယ်လ်ဒိုက နိုင်ငံလက်ရွေးစင်အသင်းအတွက် ဝင်ရောက်ကစားခဲ့ရသည့် အချိန်အတွင်း ရင်သွေးနှစ်ဦး မွေးဖွားခဲ့သော်လည်း နိုင်ငံအသင်းအတွက် ကိုယ်၊ စိတ် နှစ်ပါးစလုံးကို မြှုပ်နှံကစားခဲ့ရကြောင်းကို ရေးသားခဲ့ပြီး "ပေါ်တူဂီအသင်းဥက္ကဋ္ဌကရော အသင်းတာဝန်ရှိသူတွေကရော ဒီနေ့ ကျွန်တော်တို့အပေါ် ထိတွေ့အားပေးမှုပြုခဲ့တာကို ဘယ်တော့မှမမေ့ပါဘူး။ ကျွန်တော့်ကလေးလေးတွေနဲ့ တွေ့ဆုံရတော့မှာကိုတော့ တကယ်ကို ပျော်ရွှင်ရပါတယ်" ဟု ဖေ့ဘွတ်စ်စာမျက်နှာထက်တွင် ရေးသားခဲ့သည်။

စီရိုနယ်လ်ဒိုက ချီလီအသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အရေးနိမ့်ခဲ့ရခြင်းအတွက် စိတ်ပျက်မိကြောင်း ဆိုခဲ့သလို တတိယနေရာလုပွဲကို ပါဝင်တော့မည်မဟုတ်ကြောင်း အတည်ပြုခဲ့သည်။ အစောပိုင်းက အငှားကိုယ်ဝန်ဖြင့် အမြွှာသားတစ်ဦး၊ သမီးတစ်ဦး မွေးဖွားခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုမူ သားယောကျ်ားလေးနှစ်ဦးသာ ဖြစ်နေခြင်းဖြစ်သည်။ စီရိုနယ်လ်ဒိုတွင် ခရစ္စတီယာနို ဂျူနီယာ အမည်ရ သားတစ်ဦးရှိနှင့်နေပြီဖြစ်ပြီး ယခုဇွန်လအတွင်းမှာပင် အသက်ခုနစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ထို့ပြင် စီရိုနယ်လ်ဒို၏ ချစ်သူ အသက်(၂၂)နှစ်အရွယ် ဂျော်ဂျီနာ ရိုဒီရီဂွက်ဇ်မှာလည်း ကိုယ်ဝန်ငါးလလွယ်ထားရပြီဖြစ်ကြောင်း သတင်းများထွက်နေရာ ယင်းကိစ္စရပ်သာ မှန်ကန်သည်ဆိုပါက စီရိုနယ်လ်ဒိုမှာ တစ်နှစ်အတွင်း ကလေးသုံးဦး ထပ်တိုးပိုင်ဆိုင်သည့် ဖခင်ဖြစ်လာမည်ဖြစ်သည်။




# လာကာဇက်တီကို ခေါ်ယူနိုင်ခဲ့ပြီးဖြစ်သည်ဟူသော သတင်းများကို အာဆင်နယ်အသင်းငြင်းဆန် လီမာကိုသာ ခေါ်ယူနိုင်ပါက ဆန်းချက်ဇ်ကို လက်လွှတ်ခံဖွယ်ရှိ

အာဆင်နယ်အသင်းသည် တိုက်စစ်မှူး လာကာဇက်တီကို ခေါ်ယူနိုင်ခဲ့ပြီးဖြစ်သည်ဟူသော ဖော်ပြနေမှုများကို ငြင်းဆန်ပယ်ချခဲ့ပြီး သဘောတူညီချက်ရရှိရန် ရှေ့တိုးလုပ်ဆောင်နေသည်ဟုသာ တုံ့ပြန်ခဲ့သည်။ အာဆင်နယ်အသင်းအနေဖြင့် လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီကို ခေါ်ယူနိုင်ခဲ့ပြီးနောက် အသင်း၏ တိုက်စစ်မှူး ဂျရူးကို ပြန်လည်ရောင်းချမည်ဟု သတင်းများထွက်လာခြင်းအပေါ် အာဆင်နယ်အသင်းဘက်မှ ငြင်းဆန်လိုက်ခြင်းဖြစ်သည်။

အာဆင်နယ်အနေဖြင့် တိုက်စစ်မှူး လာကာဇက်တီကို ကလပ်အသင်း စံချိန်တင်ကြေးပေါင် ၄၄ သန်းကျော်ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်သည်ဟု သတင်းများထွက်လာချိန်တွင် လိုင်ယွန်ဥက္ကဋ္ဌက လာကာဇက်တီကို ယခုနှစ်အတွင်း ရောင်းချရန် ဆန္ဒမရှိကြောင်း ချက်ချင်းဆိုသလို တုံ့ပြန်လိုက်သည်။ သို့သော် အာဆင်နယ်နှင့် နီးစပ်မှုရှိသည့် အသိုင်းအဝိုင်း၏ အဆိုအရ လာကာဇက်တီကို ပေါင် ၅၇ သန်းဖြင့် ခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ယခုနှစ်တွင် တိုက်စစ်ကစားသမားများအားဖြည့်မှုကို ဦးစားပေးဆောင်ရွက်နေပြီး ထူးခြားချက်တစ်ရပ်မှာ ဦးစားပေးပစ်မှတ်တိုက်စစ်ကစားသမားများမှာလည်း ပြင်သစ်ကစားသမားများသာဖြစ်နေခြင်းဖြစ်သည်။ နည်းပြ ဝင်းဂါးက တိုက်စစ်ပိုင်းအတွက် လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီ၊ မန်ယူတိုက်စစ်မှူး မာရှယ်လ်၊ မိုနာကို တိုက်စစ်ကစားသမားများဖြစ်သည့် မက်ပီနှင့် လီမာတို့ကို တစ်ပြိုင်နက်ကမ်းလှမ်းထားခြင်းဖြစ်သည်။ အာဆင်နယ်သည် မိုနာကို တောင်ပံတိုက်စစ်မှူး လီမာကို ကနဦး ပေါင် ၂၇ သန်းဖြင့် ကမ်းလှမ်းမှု ပယ်ချခံခဲ့ရပြီးနောက်တွင် ယခု နောက်တစ်ကြိမ် ပေါင် ၃၅ သန်းဖြင့် ထပ်မံကမ်းလှမ်းခဲ့ရာ ခေါ်ယူနိုင်ရန်နီးစပ်မှုရှိသည့် အနေအထားကို ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်သည် လီမာကို ရရှိပါက တိုက်စစ်မှူး ဆန်းချက်ဇ်ကို ပေါင်သန်း ၆၀ ဖြင့် လက်လွှတ်ခံရန်ရှိနေသော်လည်း အကြောင်းချင်းရာများစွာပေါ်မူတည်ပြီးမှ ဖြစ်မြောက်ဖွယ်ရှိမည့် အပြောင်းအရွှေ့သာဖြစ်သည်။ အထူးသဖြင့် ပရီမီယာလိဂ် ပြိုင်ဘက်အသင်းတစ်သင်းသို့ မရောက်ရှိရေး တားဆီးမည့် သဘောပင်ဖြစ်သည်။

# ပင်နယ်တီသုံးလုံးကာကွယ်နိုင်မှုကြောင့် ချီးကျူးမှုများရရှိနေသည့် ဘရာဗို

မန်စီးတီးဂိုးသမား ဘရာဗိုသည် ချီလီအသင်းက ပေါ်တူဂီအသင်းကိုအနိုင်ရရှိသည့် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် ပေါ်တူဂီအသင်း၏ ပင်နယ်တီသွင်းဂိုးသုံးဂိုးကို ကာကွယ်နိုင်ခဲ့ပြီးနောက် တွစ်တာ၊ ဖေ့စ်ဘွတ်စ်တို့ကဲ့သို့သော လူမှုကွန်ရက်စာမျက်နှာများတွင် ချီးကျူးမှုများ ပလူပျံအောင် ရရှိနေသလို ချီလီအသင်းနည်းပြ ပစ်ဇီကလည်း "အံ့အားသင့်ဖွယ်ကောင်းသော ဘရာဗို"ဟု အမည်နာမတပ်ကာ ချီးကျူးခဲ့သည်။

ဘရာဗိုမှာ ပေါ်တူဂီအသင်းကန်သွင်းသည့် ပင်နယ်တီ သုံးလုံးစလုံးကို လက်စွမ်းပြကာကွယ်သွားရာ ပေါ်တူဂီအသင်းစူပါစတား စီရိုနယ်လ်ဒိုမှာ ပင်နယ်တီကန်သွင်းခွင့်ပင် မရရှိလိုက်ဘဲ ချီလီအသင်းကိုအရှုံးပေးခဲ့ရခြင်းဖြစ်သည်။ ဘရာဗိုမှာ အဆိုပါ ပွဲစဉ်အတွက် ပယ်နယ်တီကာကွယ်မှုကို အထူးလေ့ကျင့်ခဲ့ပြီး ကွာရက်စ်မာ၊ မော်တင်ဟိုနှင့် နာနီတို့၏ ပင်နယ်တီကန်သွင်းမှု အံ့အားသင့်ဖွယ်ကောင်းလောက်အောင် ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။ ချီလီအတွက် ဗီဒယ်လ်၊ အာရန်ဂွက်ဇ်နှင့် ဆန်းချက်ဇ်တို့မှာလည်း ပင်နယ်တီကို အမှားအယွင်းမရှိ ကန်သွင်းနိုင်ခဲ့သော်လည်း ဘရာဗို၏ လက်စွမ်းအပေါ် အံ့အားသင့်မိကြောင်း နည်းပြ ပစ်ဇီက သီးခြားချီးကျူးစကားဆိုခဲ့ခြင်းဖြစ်သည်။



ဘရာဗိုမှာ ပြီးခဲ့သည့်နှစ် နွေဈေးကွက်အတွင်း ဘာစီလိုနာအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာပြီးနောက် ဘောလုံးကိုင်ကစားလွန်းမှုကြောင့် မလိုလားအပ်သည့် ပြစ်ဒဏ်များကျူးလွန်မှုရှိခဲ့သလို ဂိုးကာကွယ်မှုအပိုင်းတွင် လစ်ဟင်းမှုများရှိခဲ့ရာ အင်္ဂလန်မီဒီယာများ၏ အပြင်းအထန်ဝေဖန်မှုကို ရရှိခဲ့သည်။ အင်္ဂလန်မီဒီယာများက အင်္ဂလန်နံပါတ်(၁) ဂိုးသမား ဂျိုးဟတ်ကို တိုရီနိုအသင်းသို့ အငှားချကစားသမားဘဝ ရောက်စေခဲ့သည့် ဘရာဗိုကို မျက်စိဒေါက်ထောက်လိုက်ကြည့်ကာ ပြစ်တင်ဝေဖန်ခဲ့မှုကြောင့် ဘရာဗိုမှာ လက်စွမ်းအတက်အကျ အလွန်လျင်မြန်ခဲ့ပြီး သူ၏ သာမန်လက်စွမ်းအောက် ကျရောက်ခဲ့ရသည်။

ယခုပွဲအပြီး တွစ်တာစာမျက်နှာပေါ်တွင် "ဂွါဒီယိုလာရဲ့ ချဉ်းကပ်မှုက မှန်ပါတယ်" "တကယ့်ကို ချီးကျူးဖို့ကောင်းတဲ့ဂိုးသမားပဲ"စသဖြင့် အကောင်းဘက်မှ ချီးမွမ်းမှုများကို ရရှိခဲ့သည်။

ဘရာဗိုမှာ အမှန်တကယ်တွင် ပင်နယ်တီကန်သွင်းမှု သုံးကြိမ်ကိုသာမက သာမန်ပွဲကစားချိန် မိနစ် ၉၀ နဲ့ အချိန်ပို မိနစ် ၃၀ တွင်လည်း ပေါ်တူဂီအသင်း၏ သေချာပေါက်ဂိုးရရှိနိုင်မည့် အခွင့်အရေး သုံးကြိမ်လောက်ကို ကာကွယ်နိုင်ခဲ့သေးသည်။ ပွဲအပြီးသတင်းစာရှင်းလင်းပွဲတွင် ဒဏ်ရာရရှိသွားသည်ဟု ထုတ်ဖော်ပြောကြားခဲ့သော်လည်း ဇူလိုင် ၃ ရက်တွင်ကစားမည့် ဗိုလ်လုပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်လားဆိုသည်ကို အဖြေပေးခဲ့ခြင်းမရှိပေ။

ထို့ပြင် ဘရာဗိုက လက်စွမ်းကောင်းသည်ဆိုသည့် ချီးကျူးမှုများအပေါ် "ဒါက ကျွန်တော့်ရဲ့ ပုံမှန်စွမ်းဆောင်ချက်ပါပဲ"ဟုသာ တုံ့ပြန်ခဲ့သည်။

## နောက်ဆုံးရ အပြောင်းအရွှေ့သတင်းများ

### ဂျိမ်းစ်အတွက် ပေါင်သန်း ၇၀ တိုးမြှင့်ကမ်းလှမ်းလိုက်ပြီဖြစ်တဲ့ မန်ယူ

မန်ယူအသင်းသည် ရီးယဲလ်ကွင်းလယ်လူ ဂျိမ်းစ်ရိုဒရီဂွက်ဇ်နှင့် ပုဂ္ဂိုလ်ရေး သဘောတူညီချက်ရယူအပြီးတွင် အပြောင်းအရွှေ့အမြန်ဆုံးဖြစ်မြောက်လာစေရန်အတွက် ပေါင်သန်း ၇၀ အထိ တိုးမြှင့်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ဂျိမ်းစ်မှာ ရီးယဲလ်မက်ဒရစ်အသင်း ကမ္ဘာ့ကလပ်ချန်ပီယံပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေသည့် ကာလအတွင်း ရီးယဲလ်မှ ထွက်ခွာတော့မည်ဟု ထုတ်ဖော်ပြောကြားခဲ့ရာ ယင်းကိစ္စရပ်ကို အသင်းခေါင်းဆောင် ဆာဂျီယိုရာမို့စ်က ဝေဖန်စကားဆိုခဲ့သေးသည်။ ပြီးခဲ့သည့် ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်ကတည်းက ဂျိမ်းစ်က မန်ယူသို့ ပြောင်းရွှေ့ခွင့်ပေးရန် ရီးယဲလ်ကို တောင်းဆိုခဲ့သော်လည်း အပြောင်းအရွှေ့ကာလတစ်ကြိမ် ပိတ်ပင်ခံထားရသည့် ရီးယဲလ်ကြောင့် မန်ယူသို့ ပြောင်းရွှေ့ခွင့်မရခြင်းဖြစ်သည်။

### မာရက်ဇ်ကို ကမ်းလှမ်းမှုမရှိသည့် ဘာစီလိုနာ ဗာရက်တီနှင့် ဘယ်လာရင်တို့ကိုသာ အဓိက ပစ်မှတ်ထား

ဘာစီလိုနာအသင်းသည် လက်စတာတောင်ပံတိုက်စစ်မှူး မာရက်ဇ်ကို ကမ်းလှမ်းမှုမရှိခဲ့ဘဲ ပီအက်စ်ဂျီကွင်းလယ်လူ ဗာရက်တီနှင့် အာဆင်နယ်နောက်ခံလူ ဘယ်လာရင်တို့ကိုသာ နွေဈေးကွက် အဓိကပစ်မှတ်ကစားသမားများအဖြစ် သတ်မှတ်ထားသည်။ သို့သော် ဘာစီလိုနာအသင်းက အမေရိကန်ဖိတ်ခေါ်ဖလားပြိုင်ပွဲမတိုင်မီမှာပင် အသင်း၏ ပစ်မှတ်ကစားသမားများ လာရောက်ပူးပေါင်းခြင်းရှိ၊ မရှိဆိုသည်ကို ကွဲကွဲပြားပြား သိနိုင်ရန်အတွက် နောက်ဆုံးရက်သတ်မှတ်ပေးခဲ့သည်။ ဘယ်လာရင်ကို ၁၀ ရက်အတွင်း ဆုံးဖြတ်ရန် သတ်မှတ်ပေးခဲ့သလို ဗာရက်တီကိုလည်း ဇူလိုင် ၄ ရက်ကို နောက်ဆုံးရက်အဖြစ် အချိန်သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် ရိုးမားတွင် အငှားချထားသည့် နောက်ခံလူ ဗာမေလန်ကိုလည်း ဆက်ထိန်းထားဦးမည်ဖြစ်သည်။

# ချင်းပြည်နယ် မြို့ကြီးနှစ်မြို့တွင် လာမည့်ဘဏ္ဍာနှစ်အတွင်း စက်မှုဇုန်တည်ဆောက်မည်



**ဟားခါး ဇွန် ၂၉**
နိုင်ငံတော်အစိုးရသည် ချင်းပြည်နယ်တွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို ရည်ရွယ်၍ တစ်ပြည်လုံးလွှမ်းခြုံနိုင်စေရန် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးစိုက်ရာ ဟားခါးမြို့နှင့် ပလက်ဝမြို့တို့တွင် လာမည့်ဘဏ္ဍာရေးနှစ်အတွင်း စက်မှုဇုန် တည်ဆောက်သွားမည်ဖြစ်ကြောင်းချင်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

ယင်းသို့စက်မှုဇုန်ရွေးချယ်တည်ဆောက်ရာတွင် ပလက်ဝမြို့သည်ကုလားတန်စီမံကိန်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုများရှိလာနိုင်မည်ဖြစ်ကြောင်း၊ မကြာမီမဟာခါတ်အားလိုင်းကိုလည်း ရရှိတော့မည်ဖြစ်သည့်အပြင် လာမည့်ဘဏ္ဍာရေးနှစ်တွင် စက်မှုသင်တန်းကျောင်းကိုလည်း ဖွင့်လှစ်နိုင်ရန်စီစဉ်နေပြီး ချင်းပြည်နယ်အတွင်းရှိ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်း (SME)လုပ်ငန်းရှင်များကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဟားခါးမြို့သည် အလယ်ပိုင်းဒေသများအတွက် အဆင်ပြေနိုင်မည့်နေရာဖြစ်သဖြင့် ဒေသဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ဟားခါးနှင့် ပလက်ဝမြို့တို့တွင် စက်မှုဇုန်တည်ဆောက်ရာ၌ ကလေးစက်မှုဇုန်ကဲ့သို့ ရှေးဦးစွာ ကားထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်မည့်အခြေအနေမရှိသေးသော်လည်း ကားပြုပြင်ရေးလုပ်ငန်း၊ ကားရေဆေး၊ဆီလိုက်လုပ်ငန်းစ သည့်ယာဉ်နှင့်ပတ်သက်သောအသေးစားစက်မှုလက်မှုလုပ်ငန်းများဖြင့် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့စည်ပင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ပြောကြားသည်။

"ဒီလိုမျိုး စက်မှုဇုန်တွေဖွင့်လှစ်လိုက်ခြင်းအားဖြင့်စက်မှုကဏ္ဍအသီးသီးမှာ လူမှုစီးပွားဘဝအတွက် အခွင့်အလမ်းတွေရှိလာမယ်။ မိမိဒေသနဲ့ကိုက်ညီတဲ့ တီထွင်ဖန်တီးမှု၊ တီထွင်ကြံဆမှုအပိုင်းတွေ ပိုပြီးတော့လုပ်ဆောင်လာနိုင်ပါမယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ချင်းပြည်နယ်အတွင်း စက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ချင်းပြည်နယ်ကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်များအသင်း(CFCCI)ကိုလည်းဖွဲ့စည်းထားရာ လက်ရှိတွင် ချင်းပြည်နယ်အတွင်း၌ အကြီးစားစက်မှု လုပ်ငန်းခြောက်ခု၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ၂၀၀ ကျော်ရှိကြောင်းသိရသည်။

**ဇိုဟေဆာ**

## မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်း နည်းပညာအသုံးချသင်တန်းဆင်း

**ပျော်ဘွယ် ဇွန် ၂၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်းနည်းပညာအသုံးချသင်တန်း အမှတ်စဉ်(၂)ဆင်းပွဲအခမ်းအနားကို ဇွန် ၂၃ ရက် မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အခြေခံရေတိုင်းနှင့်မြေတိုင်း သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ယင်းသင်တန်းဆင်းပွဲအခမ်းအနားတွင် စူးစမ်းလေ့လာရေးဌာနခွဲ ညွှန်ကြားရေးမှူးဒေါ်မဥ္ဇူစောက သင်တန်းဆင်းအမှာစကားပြောကြားသည်။ သင်တန်းဆင်းလက်မှတ်များကို စူးစမ်းလေ့လာရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးဦးကျော်လင်းဦးနှင့် တာဝန်ရှိသူများမှပေးအပ်ချီးမြှင့်ကာ သင်တန်းတွင် သင်ကြားသင်ယူမှုများကို Powerpoint အသုံးပြု၍ ပြန်လည်ရှင်းပြခဲ့သည်။

၎င်းနောက်သင်တန်းတွင် ထူးချွန်စွာတက်ရောက်သင်ယူခဲ့ပြီး အုပ်စုအလိုက်ဆုရရှိသူများအား လွန်တူးနှင့်မိုင်းဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသန့်မှ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတည်ဆောက်ရေး၊ တိုင်းတာရေး၊ ထိန်းသိမ်းရေး၊ လွန်တူးနှင့်မိုင်းဌာနခွဲ မန္တလေး၊ မကွေး၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ သထုံမြို့နယ်တို့မှ ဦးစီးမှူး၊ ဒုဦးစီးမှူး၊ လက်ထောက်ဦးစီးမှူး၊ ဒုလက်ထောက်ဦးစီးမှူးအဆင့် ဝန်ထမ်းသင်တန်းသူ ၁၉ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



&xm;&wyfUrSf12wyf oCefu&ef&xm;&pcef;rS 'ktykcifrmif;b;ESbCefu&efbwm½ydkifa ,wfrL onf24&ufnaey;&u oCefu&efbwm trSwf puü&xm;p;Daefpmif;ql;aeonf;&Donf;tm;&xm; udwfwkdfoqkdr;xckfP&m&𝔖avmanf uqif;a&;ESSaxm;cayuffr;rjzpf;apa&; twuf ynmay;aq;aE;rlr;aqmifuf&uifoonf
(118)

## ပြည်သူ့အခြေပြု တာဝန်ခံယူမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ မြစ်ကြီးနားမြို့၌ ကျင်းပ

**မြစ်ကြီးနား ဇွန် ၂၉**
ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် Oxfanတို့ပူးပေါင်း၍ ပြည်သူ့ အခြေပြုတာဝန်ခံယူမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဦးနေဝင်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် Oxfanမှ ပြည်နယ် ရုံးမန်နေဂျာ ဒေါ်ဝါဝါရှိန်က Oxfanမှ တာဝန်ယူဆောင်ရွက် လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး စီမံကိန်းမန်နေဂျာ ဦးသီဟကိုကိုက အလုပ်ရုံဆွေးနွေးပွဲအား ဒေသတွင်းနေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု၊ အရှိန်အဟုန်မြင့် မြန်ဆန်လာရေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ပြည်သူများ၏ သိလိုသည့် ကိစ္စရပ်များအား ရှင်းလင်းဖြေကြားဆွေးနွေးပေးနိုင်ရေးရည်ရွယ် ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍Oxfan အဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ ဒေသတွင်းနေ ပြည်သူများထံ လေ့လာ ဆန်းစစ်မှုများမှ ပြည်သူများသိရှိ လိုသော စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းသဘော တရားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းများ၊ ရဲတပ်ဖွဲ့လုပ်ငန်းများ၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန လုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်း ဦးစီးဌာန လုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ၊ စသည့်ကဏ္ဍအသီးသီး၏ ဆောင်ရွက်မှု အခြေအနေများအား Oxfan ပြည်နယ်ရုံးမန်နေဂျာ ဒေါ်ဝါဝါရှိန်နှင့် တာဝန်ရှိသူများက ကိုယ်စားမေးမြန်းခဲ့ကြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားဆွေးနွေးခဲ့ပြီး အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ ဒေသခံပြည်သူကိုယ်စားလှယ်များအင်အား ၄၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **ဦးလေးကြီး**

## မိုးရာသီမတိုင်မီ ဆည်မြောင်းအဆောက်အအုံများအား ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ပဲခူး ဇွန် ၂၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီးအတွင်း ရေလှောင်တမံ ၃၉ ခု၊ ရေလွှဲဆည် ၁၄ ခု၊ ရေတံခါးကြီး ၁၄ ခုနှင့် ရေဘေးကာကွယ်ရေးတာ ၃၉ ခု တာအလျား ၃၉၁ မိုင်၊ ၄ ဖာလုံရှိရာ အဆိုပါ ဆည်မြောင်းအဆောက်အအုံများအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နှစ်စဉ်တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပဲခူးခရိုင်အတွင်း၌ ရေလှောင် တမံ ၁၃ ခု၊ ရေလွှဲဆည် ငါးခု၊ ရေတံခါးခု ၁၁ ခုနှင့် ရေဘေးကာကွယ်ရေးတာ ရှစ်ခုတာ အလျား ၁၆၆ မိုင် ၄ ဖာလုံရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အဆောက်အအုံများအား မိုးရာသီမတိုင်မီ ထိန်းသိမ်းပြုပြင်ခြင်း၊ မိုးရာသီအတွင်း နေ့စဉ်ရေမှတ်ဖတ်ခြင်း၊ မိုးရေချိန်တိုင်းတာခြင်း၊ ကာလတူရေမှတ်၊ မိုးရေချိန်များဖြင့် နှိုင်းယှဉ်သုံးသပ်ခြင်းများကို ဆောင်ရွက်ပြီး ရေလှောင် တမံ/တာ အခြေစိုက်ရုံးများမှ အဆင့်ဆင့် နေ့စဉ်ပေးပို့ရပြီး မိုးရွာသွန်းမှုများပြား၍ ဆည်ရေဝင်ရောက်မှုနှင့် တာရေမြင့်တက်မှု များပြားလာချိန်တို့တွင် နာရီစဉ်ရေမှတ်ဖတ်၍ စောင့်ကြည့်ကာကွယ်ခြင်းများ ဆောင်ရွက်ရ သည်။

ထို့အပြင်ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေတံခါးများသည်လည်း နွေရာသီတွင် စိုက်ပျိုးရေပေးဝေခြင်းနှင့် သောက်သုံးရေပေးဝေခြင်း၊ မိုးဦးနှင့် မိုးနှောင်းကာလများတွင် မိုးစပါးပျိုးထောင်ရေနှင့် အောင်ရေပေးဝေခြင်းများအတွက် အကျိုးရှိရုံသာမက မိုးရာသီနှင့် ရာသီဥတုပြောင်းလဲဆိုးရွားလာခြင်း၏နောက်တွင် ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်စဉ်များကို ကောင်းစွာ ကာကွယ်ပေးနိုင်သော အဆောက်အအုံများအဖြစ် အကျိုးပြုလျက်ရှိသည်။

အဆိုပါ ဆည်မြောင်းအဆောက်အအုံများ ကြိုတင်ထိန်းသိမ်းဆောင်ရွက်ထားမှုများအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် ကွင်းဝန်ထမ်းများအားတွေ့ဆုံပြီး လမ်းညွှန်မှာကြားခြင်းတို့ကို သက်ဆိုင်ရာ တာဝန်ခံများမှ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၆၊ ၂၇၊ ၂၈ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦးသည် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့်ဦးစီး အရာရှိများဖြစ်သည့် ဦးညွန့်လွင်၊ ဦးဇော်မျိုးနိုင်၊ ဦးနေမျိုးထွန်းတို့နှင့်အတူ ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့အနီးရှိ ဇရပ်ခင်ရေတံခါး၊ ညောင်လေးပင်မြို့နယ် ပြင်ရေကြီးကျေးရွာအနီး စစ်တောင်းတာအခြေအနေနှင့် စစ်တောင်းမြစ်ရေစီးဆင်းမှုအခြေအနေ၊ ဒိုက်ဦးမြို့နယ် ကောလိယရေလှောင်တမံ၊ ကောလိယရေလွှဲဆည်နှင့် ဘောနီရေလှောင်တမံ ထိန်းသိမ်းပြုပြင်ထားရှိမှုများနှင့် ရေဝင်ရောက်မှုအခြေအနေ၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်များအတွင်းရှိ ဌာနမှ တူးဖော်ထားသော ရေနုတ်မြောင်းများ၏ ပဲခူးမြစ်နှင့် စစ်တောင်းမြစ်သို့ ရေထုတ်နုတ်မှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ကွင်းဆင်းရာဒေသများရှိ ဒေသခံများနှင့်တွေ့ဆုံကာ ဌာနလုပ်ငန်းများနှင့် ဆက်စပ်၍ ဌာနနှင့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အကျိုးတိုးတက်အောင် ဆောင်ရွက်နေမှုများ၊ ဌာနအကြီးအကဲ၏ လမ်းညွှန်ချက်(၁၁)ချက်ပါ ဒေသခံတောင်သူလယ်သမားများအကျိုးအတွက် ဌာနဝန်ထမ်းများဦးတည်ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂၆-၆-၂၀၁၇) ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၁၆) တွင် ပါရှိသည့် မိုးမောက်မြို့နယ်အတွင်းရှိ တောင်သူများထံ စွန့်လွှတ်လယ်ယာမြေများပေးအပ်သည့် သတင်းတွင် **နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမျိုးသမီးသက်မွေးပညာသင်တန်းကျောင်းစာသား** အစား **နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးလေ့ကျင့်ရေးဦးစီးဌာန** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာ ရပ်ခံအပ်ပါသည်။

**ပြည်နယ်ပြန်/ဆက်**

## ယာဉ်လိုင်းများအား အသိပညာပေးဆွေးနွေး

**သန်လျင် ဇွန် ၂၉**
သန်လျင်မြို့နယ်အတွင်း ဖြတ်သန်းပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရန်နှင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး (ယာယီ) ရဲမှူးသန်းဝင်းနှင့် ယာဉ်လိုင်းတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ဇွန် ၂၈ ရက် နံနက် ၉ နာရီက ယာဉ်မောင်းများအား ပညာပေးဆွေးနွေးခဲ့ကြသည်။ ပညာပေးကာလမှာ ဇွန် ၂၈ ရက် မှ ဇူလိုင် ၄ ရက်အထိဖြစ်ကြောင်း သိရသည်။ **(၆၈၉)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ပြန်ရှင်းစစ်မေးခြင်းပညာ

**မောင်စာဂ**

တရားခွင်တွင် အမှုမှန်ပေါ်ပေါက်ရေးအတွက် အမှုနှင့် သက်ဆိုင်သူ သက်သေများအား စစ်မေးကြရာ၌ အဓိက စစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်းနှင့် ပြန်ရှင်း စစ်မေးခြင်း ဟူ၍ စစ်မေးခြင်း သုံးမျိုးရှိကြောင်းနှင့် အဓိကစစ်မေး ခြင်းနှင့် ပြန်လှန်စစ်မေးခြင်းတို့နှင့်စပ်လျဉ်း၍ ရေးသား ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုဆောင်းပါးတွင် တစ်ဖက် အမှုသည်က သက်သေကို ပြန်လှန်စစ်မေးပြီးနောက် သက်သေတင်ပြသူက ထပ်မံ၍ စစ်မေးခြင်းဖြစ် သည့် ပြန်ရှင်းစစ်မေးခြင်း သို့မဟုတ် ပြန်လည် စစ်မေး ခြင်း သို့မဟုတ် ထပ်မံစစ်မေးခြင်း နှင့်စပ်လျဉ်း၍အကျဉ်း ချုပ်ရှင်းလင်းရေးသားပါမည်။

**ပြန်ရှင်းစစ်မေးခြင်း၏ ရည်ရွယ်ချက်**

ပြန်ရှင်းစစ်မေးခြင်းမှာ ပြန်လှန်စစ်မေးရာ၌ ထွက်ဆို သည့် မရှင်းမလင်းဖြစ်နေသော အကြောင်းအရာများကို ရှင်းလင်းစေရန် ရည်ရွယ်၍စစ်မေးခြင်းဖြစ်သည်။ မည်သည့်အခြေအနေမျိုးတွင် ရှင်းလင်းစစ်မေးရန်လိုအပ် ပါမည်နည်း။ အတွေ့အကြုံများပေါ်အခြေခံ၍ဖော်ပြ ပါရစေ။ အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းတွင် သက်သေ၏ထွက်ဆိုချက် ကွဲလွဲသွားသည့်အခါ သို့မဟုတ် ရှေ့နောက်မညီညွတ်ဖြစ်နေသည့်အခါ ရှင်းလင်း စေရန် ပြန်ရှင်းစစ်မေးခွင့်ရှိသည်။ ပြန်လှန်စစ်မေးစဉ် သက်သေ ၏ ထွက်ဆိုချက်သည် အဓိပ္ပာယ်အမျိုးမျိုး ထွက်နေသော အခါ သို့မဟုတ် မယုံသင်္ကာစရာ သံသယဖြစ်ဖွယ် တွေ့ရှိ ရသည့်အခါ ရှင်းလင်းစေရန် ပြန်ရှင်း စစ်မေးခွင့်ရှိသည်။ ရဲအရာရှိထံ အစစ်ခံချက်၏မည်သည့် အစိတ်အပိုင်းကို မဆို ပြန်လှန်စစ်မေးစဉ်က အသုံးပြုခဲ့ လျှင်ထိုရဲအရာရှိထံ အစစ်ခံချက်အစိတ်အပိုင်းကို ပြန်ရှင်းစစ်မေးခြင်းတွင် အသုံးပြု၍မေးခွင့်ရှိသည်။

**ပြန်ရှင်းစစ်မေးခြင်း၏ အရေးကြီးမှု**

အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းတို့ တစ်မျိုး စီအရေးကြီးကြသကဲ့သို့ ပြန်ရှင်း စစ်မေးခြင်းသည်လည်း အရေးကြီးသည်ဟုဆိုချင်ပါသည်။ အဘယ်ကြောင့်နည်း။ အဓိကစစ်မေးခြင်းပြီးလျှင် ပြန်လှန်စစ်မေးခြင်းပြုလုပ်ရ သည်။ အဓိကစစ်မေးခြင်းအပေါ် ပြန်လှန်စစ်မေးခြင်းဖြင့် မချေဖျက်နိုင်ခဲ့သော် အဓိကစစ်မေးစဉ်က ထွက်ဆိုခဲ့ သော သက်သေခံချက်များသည် ခိုင်မာသော သက်သေခံ ချက်အဖြစ်တည်မြဲနေသည်။ ထိုနည်းတူစွာ အဓိက စစ်မေးခြင်းအပေါ် ပြန်လှန်စစ်မေးခြင်းဖြင့် ချေဖျက်နိုင် ခဲ့သော သက်သေခံချက်များကို ပြန်ရှင်းစစ်မေးခြင်းဖြင့် ပြန်လည်မရှင်းလင်းနိုင်ခဲ့သော် ပြန်လှန်စစ်မေးခြင်းဖြင့် ချေဖျက်နိုင်ခဲ့သော သက်သေခံချက်များသည် ခိုင်မာ သော သက်သေခံချက်များ ဖြစ်သွားသည်။ အဓိကစစ်မေး စဉ်က ထွက်ဆိုခဲ့သော အဆိုပါထွက်ဆိုချက်ကို အတည် မယူတော့။ ပြန်လှန်စစ်မေးစဉ် ထွက်ဆိုသော ထွက်ဆို ချက်က အတည်ဖြစ်သွားသည်။ အကယ်၍ အဓိက စစ်မေးခြင်းအပေါ် ပြန်လှန်စစ်မေးခြင်းဖြင့် ချေဖျက်နိုင် ခဲ့သော သက်သေထွက်ဆိုချက်ကို ပြန်ရှင်းစစ်မေးခြင်းဖြင့် ပြန်လည်ရှင်းလင်းနိုင်ခဲ့သော် အဓိကစစ်မေးစဉ်က ထွက်ဆိုခဲ့သောသက်သေခံချက်သည် ပို၍ပင်ခိုင်မာသွား တော့သည်။ ထို့ကြောင့် ပြန်ရှင်းစစ်မေး ခြင်းသည်လည်း အရေးကြီးသော ပညာရပ်တစ်ခုဖြစ်ကြောင်း ဆိုလိုက် ရပါသည်။

ပြန်ရှင်းစစ်မေးခြင်းပြုရာ၌ သိရှိရန်လိုအပ်သည့် အချက် များ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အစိတ်အပိုင်း တစ်ရပ်အနေဖြင့်သာ ဖော်ပြခြင်းဖြစ်သည်။ တရားခံနှင့် တရားခံပြသက်သေများ၊ တရားပြိုင်နှင့် တရားပြိုင် သက်သေများကို စစ်မေးသည့်အခါတွင်လည်း တရားခံ သို့မဟုတ် တရားပြိုင်ဘက်မှ ပြန်ရှင်းစစ်မေးခွင့်ရှိ . . .

**ကြုံခဲ့ရသည့် မှတ်မှတ်သားသား ဖြစ်စဉ်တစ်ခု**

ပြန်ရှင်းစစ်မေးခြင်းနှင့်စပ်လျဉ်း၍ မှတ်မှတ်သားသား ဖြစ်စဉ်အများထဲမှတစ်ခုကို ကောက်နုတ် ဖော်ပြပါရစေ။ သေသူကို တရားခံက ဓားနှင့်ခုတ်ပြီးထွက်ပြေးသွား သည်ဆိုသော မျက်မြင်သက်သေကို တရားခံ၏ ရှေ့နေ က ဤသို့မေးမြန်းခဲ့သည်။

တရားခံရှေ့နေ - သေသူကို တရားခံက ဓားဖြင့်ခုတ် တယ်ဆိုတဲ့နေရာဟာ ခင်ဗျားရဲ့ခြံဝင်းထဲမှာ မဟုတ်ဘဲ ခင်ဗျားနဲ့ဘေးချင်းကပ် ဦးမဲရဲ့ခြံဝင်းထဲမှာ ဖြစ်တယ် ဆိုတာ ဟုတ်တယ်မို့လား၊

သက်သေ - ဟုတ်ပါတယ်။

တရားခံရှေ့နေ - အဲဒီအချိန်က ခင်ဗျားဟာ ခင်ဗျား ရဲ့ အိမ်ရှေ့ခြံဝင်းထဲမှာရှိနေတယ်ဆိုတာ ဟုတ် တယ်မို့ လား။

သက်သေ - ဟုတ်ပါတယ်။

တရားခံရှေ့နေ - ခင်ဗျားရဲ့ခြံဝင်းနဲ့ ဦးမဲရဲ့ ခြံဝင်းကြား ထဲမှာ ဝါးဝင်းထရံကာထားတယ်။ အဲဒီဝါးဝင်းထရံက လည်း စိပ်စိပ်ရက်ထားတာမို့လို့ ဟိုဘက် ဒီဘက်မမြင် ရဘူးဆိုတာ ဟုတ်တယ် မဟုတ်လား။

သက်သေ - ဟုတ်ပါတယ်။ မမြင်ရပါဘူး။

တရားခံရှေ့နေ - ဒါကြောင့် ဟိုဘက်အိမ်ခြံဝင်းထဲက အလုပ်တစ်ခုခုလုပ်နေရင် ခင်ဗျားတို့ အိမ်ဘက် ခြံဝင်း ထဲကမမြင်ရဘူး၊ ဒီလိုပဲ ခင်ဗျားတို့အိမ်ဘက်က အလုပ် တစ်ခုခုလုပ်နေရင် ဟိုဘက်အိမ်က မမြင်နိုင်ဘူးဆိုတာ ဟုတ်တယ်မို့လား။

သက်သေ - ဟုတ်ပါတယ်။ မမြင်ရပါဘူး။

တရားခံရှေ့နေသည် သူလိုချင်သောအဖြေရသွား၍ ဆက်မမေးတော့ပါ။ ဤတွင် တရားလိုဘက် အစိုးရ ရှေ့နေက ပြန်ရှင်းမေးမြန်းခြင်းမရှိခဲ့လျှင် တရားခံရှေ့နေ ၏ ပြန်လှန်စစ်မေးချက်က အတည်ဖြစ်သွားပါမည်။ သို့သော် အစိုးရရှေ့နေက ဤသို့ပြန်ရှင်းမေးမြန်းပါသည်။

အစိုးရရှေ့နေ - ခင်ဗျားရဲ့နေအိမ်ခြံဝင်းနဲ့ ဦးမဲရဲ့ နေအိမ်ခြံဝင်းကြား ကာရံထားတယ်ဆိုတဲ့ ဝါးဝင်းထရံက ဘယ်လောက်မြင့်ပါသလဲ။

ဤတွင် တရားခံ၏ရှေ့နေက အစိုးရရှေ့နေအနေဖြင့် ပြန်ရှင်းစစ်မေးခွင့်မရှိကြောင်း ကန့်ကွက်ခဲ့သည်။ အကြောင်းပြချက်မှာ ဝင်းထရံကာရံထားခြင်းနှင့်စပ်လျဉ်း ၍ အဓိကထွက်ချက်တွင် မပါရှိကြောင်း၊ ထို့ကြောင့် အဓိကစစ်မေးစဉ်နှင့် ပြန်လှန်စစ်မေးခြင်းတို့ ကွဲလွဲမှုမရှိ သဖြင့် ပြန်ရှင်းမေးမြန်းခွင့်မရှိဟူ၍ ဖြစ်သည်။ အစိုးရ ရှေ့နေက သက်သေသည် အဓိကစစ်မေးစဉ်တွင် သူမြင် ကြောင်း ထွက်ဆိုခဲ့သည်။ ပြန်လှန်စစ်မေးစဉ်တွင် ဝါးဝင်း ထရံကာထား၍ ဟိုဘက်ခြံနှင့် သည်ဘက်ခြံ မမြင်နိုင် ကြောင်း ထွက်ဆိုသည်။ ဤအချက်ကို ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင် ပြန်ရှင်းစစ်မေးဖို့လိုကြောင်း ရုံးတော်က ခွင့်ပြုပေးဖို့တင်ပြသည်။ ရုံးတော်က ဆက်မေးပါဟု ခွင့်ပြုသဖြင့် ဆက်မေးသည်။

သက်သေ - ဝါးဝင်းထရံက ကျွန်တော်ရဲ့ လည်ပင်း လောက်မြင့်ပါတယ်။

အစိုးရရှေ့နေ - ခင်ဗျားအခင်းဖြစ်တဲ့အချိန်က ဦးမဲခြံ ထဲမှာ တရားခံက သေသူကို ဓားနှင့် ခုတ်ပြီးထွက်ပြေး သွားတာ မြင်လိုက်ရတယ်လို့ ထွက်ဆိုခဲ့တယ်။ ခြံဝင်း နှစ်ခုကြားထဲမှာလည်း ခင်ဗျားရဲ့ လည်ပင်းလောက်မြင့်တဲ့ ဝင်းထရံကာထားတယ်၊ ဟိုဘက်ခြံနဲ့ဒီဘက်ခြံ မမြင်ရဘူး လို့ပြောတယ်။ ဒါဆို အဓိကစစ်မေးစဉ်က ခင်ဗျားမြင်ရ တယ်လို့ ဘာကြောင့် ထွက်ဆိုခဲ့ရတာလဲ မရှင်းလင်းဘဲ ဖြစ်နေတယ်။ ရုံးကိုရှင်းအောင် တင်ပြပေးပါ။

သက်သေ - ရန်ဖြစ်နေသံကြားတော့ ကျွန်တော်က ဝင်းထရံနားသွားကာ ဝင်းထရံကိုကိုင်ပြီး လှမ်းကြည့် လိုက်မိလို့ မြင်တွေ့ရတာပါ။

ပြန်ရှင်းစစ်မေးခြင်းတွင် သက်သေက ဤသို့ထွက်ဆို သဖြင့် သက်သေ၏ အဓိကစစ်မေးစဉ် ထွက်ဆိုချက်များ ပိုမိုခိုင်မာသွားစေခဲ့သည်။

**သတိပြုမှတ်သားရန်အချက်**

တစ်ခါတစ်ရံတွင် အဓိကစစ်မေးချက်နှင့် ပြန်လှန် စစ်မေးချက်တို့တွင် ကွဲလွဲထွက်ဆိုသော အချက်မရှိ။ ပြန်ရှင်းရန် အကြောင်းအချက်လည်း မပေါ်ပေါက်။ သို့ရာတွင် ပြန်လှန်စစ်မေးစဉ် သက်သေ၏ထွက်ဆိုချက် များအရ အကြောင်းအရာအသစ်များကို အစိုးရရှေ့နေ ဘက်က မေးမြန်းရန်လိုအပ်သည့်အခါမျိုး ပေါ်ပေါက် တတ်သည်။ ယင်းသို့သော အခြေအနေတွင် မေးမြန်းမည့် အကြောင်းအရာသစ်ကို ဖော်ပြ၍ မေးမြန်းခွင့်ပြုရန် တရားရုံးသို့ တင်ပြရသည်။ တရားရုံး၏ ခွင့်ပြုချက်ဖြင့် မေးမြန်းနိုင်သည်။ ထိုသို့မေးမြန်းလျှင် တရားခံဘက်သို့ ပြန်လှန်စစ်မေးခွင့်ပေးရသည်။ ဤသို့စစ်မေးခြင်းဖြင့် လည်း အမှုမှန်ပေါ်ပေါက်စေသည်။

**ဆောင်ရန်နှင့်ရှောင်ရန် ပညာရှင်တို့၏ အဆိုအမိန့်များ**

အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းတွင် သက်သေ၏ထွက်ဆိုချက်သည် ကွဲလွဲနေပါက မည်သည့် ထွက်ဆိုချက်မှန်ကြောင်း သက်သေကရှင်းလင်းစေရေး အတွက် ပြန်ရှင်း၍ မေးမြန်းခွင့်ရှိသည်။ ပြန်လှန်စစ်မေးစ် က သက်သေသည် ပေ့ါပေ့ါတန်တန် ထွက်ဆိုသွားလျှင်ဖြစ် စေ၊ အဓိပ္ပာယ်အမျိုးမျိုးကောက်ယူနိုင်သော ထွက်ချက် ပေးသွားလျှင်ဖြစ်စေ၊ မယုံသင်္ကာစရာ ထွက်ဆို သွားလျှင် ဖြစ်စေ ပြန်ရှင်းမေးမြန်းခွင့်ရသည်။ အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူနိုင်သော ထွက်ချက်မျိုးမထွက်ဆိုလျှင် သို့မဟုတ် ရှင်းလင်းရန် မလိုသောထွက်ဆိုချက်မျိုးဖြစ်လျှင် ပြန်လှန်စစ်မေးစဉ်က ထွက်ဆိုခဲ့သော သက်သေ၏ထွက် ဆိုချက်အပေါ် ပြန်ရှင်းစစ်မေးခွင့်မရှိ။

လက်မခံနိုင်သော ထွက်ဆိုချက်အတွက် ပြန်ရှင်းစစ် မေးခွင့်ရှိသည်။ အဓိကထွက်ဆိုချက်များမှာ မမှန်မကန် ထွက်ဆိုခဲ့ခြင်းသာဖြစ်သည်ဟု ပြန်လှန်စစ်မေးစဉ်တွင် ထွက်ဆိုလျှင် ဘာကြောင့် မမှန်မကန် ထွက်ဆိုခဲ့ရသလဲဟု ပြန်ရှင်းတွင်မေးခွင့်ရှိသည်။

ပြန်လှန်စစ်မေးစဉ်က သက်သေသည် သွေးဆောင် မေးမြန်းခြင်းခံခဲ့ရပြီး သက်သေ၏ ထွက်ဆိုချက်သည် လည်း သံသယဖြစ်စရာရှိနေလျှင် ပြန်လှန်စစ်မေးစဉ်က သက်သေထွက်ဆိုချက်၏ အဓိပ္ပာယ်နှင့် အကြောင်းယုတ္တိ ကို ရှင်းလင်းစေရေးအတွက် ပြန်ရှင်းတွင် သင့်ရာမေးခွန်း များကို မေးနိုင်သည်။

မိမိ၏သက်သေအား တစ်ဖက်မှပြန်လှန်စစ်မေးနေစဉ် လိုအပ်သည့်မှတ်စုတို့ကိုလိုက်၍ ရေးမှတ်လျက် မိမိ သက်သေ၏ အရိပ်အကဲကို မလွတ်တမ်းကြည့်နေသင့် သည်။ သို့မှသာ သက်သေ၏ဆန္ဒ၊ ရည်ရွယ်ချက်နှင့်ဆက် ၍ ပြောလိုသည့်စကား စသည်တို့ကို တွေ့မြင်နိုင်မည်။

အဓိကစစ်မေးချက်မှ မည်သည့်အချက်များ မေ့မှိန် သွားကြောင်း (သို့) ကွဲလွဲသွားကြောင်းကို လည်းကောင်း၊ အဓိကစစ်မေးချက်တွင် မပါသောအချက်များကို သက် သေကထွက်ဆိုသွား၊ မသွားကိုလည်းကောင်း၊ ပြန်ရှင်း စစ်မေးခြင်းမပြုမီ စဉ်းစားဆင်ခြင်မှုပြုရမည်။

သက်သေသည် ပြန်လှန်စစ်မေးစဉ်က ယိမ်းယိုင်မသွား လျှင်ဖြစ်စေ၊ ရှင်းလင်းရန် မလိုအပ် လျှင်ဖြစ်စေ၊ အဓိက စစ်မေးစဉ် ထွက်ဆိုချက်များကို သက်သေက မမေ့လျှင် ဖြစ်စေ ပြန်ရှင်းစစ်မေးခြင်းကို မပြုပါနှင့်။

ပြန်လှန်စစ်မေးခြင်းတွင် သက်သေက မိမိဘက်သို့ အသာပေးပြီး ထွက်ဆိုသွားလျှင် ထိုအသာပေးသည့် အချက်ကို ပြန်ရှင်းစစ်မေးခြင်းမပြုပါနှင့်။ လျှောက်လဲ သည့်အခါ ထိုအချက်ကို ထည့်သွင်း လျှောက်လဲပါ။

ပြန်လှန်စစ်မေးခြင်း၏ရည်ရွယ်ချက်တစ်ချက်မှာ အဓိကစစ်မေးစဉ်က ကြံစည်ဖန်တီးပြီး လိုရာရွှေးနုတ် ထွက်ဆိုသွားသည်ကို ဖော်ထုတ်ထင်ရှားစေရန်ပင်ဖြစ် သည်။ ပြန်ရှင်းစစ်မေးခြင်းသည် ပြန်လှန်စစ်မေးစဉ်က လိုရာရွှေးနုတ်ထွက်ဆိုသွားခြင်းကို ဖော်ထုတ်ထင်ရှားစေ ရန်ပင်ဖြစ်သည်။

ပြန်ရှင်းစစ်မေးသည့်အခါတွင် မလိုအပ်သော အကြောင်းအရာအသစ်ကို မမေးပါနှင့်။ ပြန်လှန်စစ်မေး ခွင့်ရသွားအောင် တံခါးဖွင့်မပေးပါနှင့်။

ပြန်လှန်စစ်မေးသည့်အခါ ပြန်လှန်စစ်မေးသူ မေး သည့်မေးခွန်းကို သက်သေကဖြေပြီးနောက် သက်သေ ကအလိုလို ပိုမိုထွက်ဆိုသည့်အခါ ရှိတတ်သည်။ ထိုသို့ ပိုမိုထွက်ဆိုသဖြင့် ပြန်လှန်စစ်မေးသူက ကန့်ကွက် တားဆီးသဖြင့် ယင်းပိုမိုထွက်ဆိုချက်ကို မှတ်တမ်းမတင် သည့်အခါ ပိုမို ထွက်ဆိုချက်ကို ပြန်ရှင်းစစ်မေးမည့်သူက ရေးမှတ်ထားပြီး ပြန်ရှင်းစစ်မေးသည့်အခါ မေးမြန်းပါ။

**ပြန်ရှင်းစစ်မေးခြင်းသည် အဓိကသော့ချက်ဖြစ်သည်**

စစ်မေးခြင်းသုံးမျိုးရှိရာတွင် အဓိကစစ်မေးခြင်းသည် အခြေခံကျသော စစ်မေးခြင်း ဖြစ်သည်။ ပြန်လှန်စစ်မေး ခြင်းသည် မှတ်ကျောက်တင်မည့် စစ်မေးခြင်းဖြစ်သည် ဟူ၍ ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုတစ်ဖန် ပြန်ရှင်းစစ်မေး ခြင်းသည်ကား အဓိကသော့ချက်ဖြစ်သော စစ်မေးခြင်းဟု ဆိုချင်ပါသေးသည်။ အဘယ်ကြောင့်ပါနည်း။ အဓိက စစ်မေးချက်တွင် ထွက်ဆိုချက်ရှိသည်။ ပြန်လှန်စစ်မေး ချက်က ချေဖျက်နိုင်လျှင် ပျက်ပြယ်သွားရသည်။ ပြန်လှန် စစ်မေးချက်က မှတ်ကျောက် တင်လိုက်ခြင်းဖြစ်သည်။ တစ်ဖန်ပြန်ရှင်းစစ်မေးခြင်းဖြင့် ပြန်လည်ရှင်းလင်းလိုက် နိုင်သည်နှင့် မှတ်ကျောက်တင်ခဲ့သည့် ပြန်လှန်စစ်မေး ချက်ကလည်း ပျက်ပြယ်သွားရပြန်သည်။ အဓိကစစ်မေး စဉ်က ထွက်ဆိုချက် ပိုမို၍ ခိုင်မြဲသည်ထက်ခိုင်မြဲသွား စေသည်။ ထို့ကြောင့် ပြန်ရှင်းစစ်မေးခြင်းသည် အဓိက သော့ချက်ဖြစ်သည့် စစ်မေးချက်ဟု ကင်ပွန်းတပ်လိုက်ရ ခြင်းဖြစ်သည်။

ယခုဆောင်းပါးတွင် အစိုးရရှေ့နေ သို့မဟုတ် တရား လိုဘက်မှ လိုက်ပါဆောင်ရွက်သူ ရှေ့နေတစ်ဦးအနေဖြင့် ပြန်ရှင်းစစ်မေးခြင်းပြုရာ၌ သိရှိရန်လိုအပ်သည့် အချက် များ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အစိတ်အပိုင်း တစ်ရပ်အနေဖြင့်သာ ဖော်ပြခြင်းဖြစ်သည်။ တရားခံနှင့် တရားခံပြသက်သေများ၊ တရားပြိုင်နှင့် တရားပြိုင် သက်သေများကို စစ်မေးသည့်အခါတွင်လည်း တရားခံ သို့မဟုတ် တရားပြိုင်ဘက်မှ ပြန်ရှင်းစစ်မေးခွင့်ရှိသည်ဖြစ် ရာ လိုအပ်သည်များ အသိဉာဏ်ဆင့်ပွား၍ ပညာရှေ့ သွားပြုကာ မှီးယူသုံးစွဲမှု ပြုနိုင်ပါသည်။ ဤပညာသည် ကျယ်ပြန့်သော၊ ကျယ်ဝန်းသော၊ နက်နဲသောပညာရပ် ဖြစ်သည်။ အနှစ်ချုပ်၍ ပြီးပြည့်စုံအောင် ဖော်ပြနိုင်စွမ်း ရှိမည်မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေ ဤဖော်ပြချက်များ သည် ကောင်းမွန်သော ပြန်ရှင်းစစ်မေးခြင်း တစ်ရပ်ဖြစ် စေရေးအတွက် အထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်မိသည်။

ကောင်းမွန်သော ပြန်ရှင်းစစ်မေးခြင်းဖြင့် အမှန်တရား ပေါ်ပေါက်ပါစေ။ မှန်ကန်သော တရားစီရင်ရေးကို အထောက်အကူပြုနိုင်ကြပါစေ။

**ကိုးကားချက်**

**သက်သေခံအက်ဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေ**

THE LAW OF EVIDENCE (SARKAR)

**ဥပဒေ ဦးစိန်လှိုင်၏ အောင်မြင်သောရှေ့နေ**

## ကြေးမုံ ရုပ်ရှင်အညွှန်း

# ထပ်ဆင့်အကယ်ဒမီ ဖွေးဖွေးရဲ့ ရုံတင်ဇာတ်ကားသစ် ကပ္ပိယ



ဇွန် ၃၀ ရက်(သောကြာ)ကစတင်ပြီး မြန်မာနိုင်ငံတစ်ဝန်းက အဆင့်မြင့် ရုပ်ရှင်ရုံကြီးတွေမှာ ရုံတင်ပြသသွား ကြမယ့် ရုပ်ရှင်ကားကြီးတွေအနက် စတင် ရုံတင်သွားမယ့် ရုပ်ရှင်ကားသစ် "ကပ္ပိယ" ကို ကြေးမုံပရိသတ်တွေ အကြိုခံစားရနိုင်စေဖို့ ဖော်ပြပေးလိုက်ရပါတယ်။

ယင်းရုပ်ရှင်မှာ ခေါင်းဆောင်မင်းသမီး အဖြစ် ဖွေးဖွေးက ပါဝင်ထားပြီး ဇာတ်ဆောင်မင်းသားတွေအဖြစ် ပြေတီဦးနဲ့ ကောင်းပြည့်တို့က ပါဝင်သရုပ်ဆောင် ထားတာဖြစ်ပါတယ်။ ကျေးလက်သဘာဝ တွေ လွှမ်းခြုံနေပြီး တောသူတောင်သားတွေရဲ့ ရိုးသားတဲ့ ဘဝသရုပ်တွေနဲ့ အေးချမ်းတဲ့ ကျေးလက်သဘာဝရှုခင်းတွေကိုလည်း ဒီရုပ်ရှင်မှာ ခံစားကြရမှာပါ။ ဒါ့အပြင် ပွင့်လင်းရိုးသားမှုတွေက ဘဝအမောပြေ စေမယ့် ရယ်စရာဟာသတွေဖြစ်နေတာကို လည်း ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) က ပုံဖော်ပေးထားတာဖြစ်ပါတယ်။

